အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့

# တိမ်ကောပျောက်ကွယ်နေဆဲဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် မြန်မာပြည် အာဏာသိမ်းမှုအပြီး ၂-နှစ်ကျော်ကာလအတွင်းမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခြေအနေ







နိုဝင်ဘာလ ၂၀၂၃

## မာတိကာ


အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံအကျဉ်း..................... ၁

အစီရင်ခံစာ နိဒါန်း...................................................................................... ၂

အစီရင်ခံစာ၏ ရည်ရွယ်ချက်.............................................................................. ၇

သုတေသနနည်းနာ ..................................................................................... ၈

သုတေသနတွေ့ရှိချက်များ.............................................................................. ၁၂

လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို ပြည်သူများ၏ နားလည်သဘောပေါက်မှု အခြေအနေ ........................................................................................... ၁၂

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လူသားလိုအပ်ချက်အဖြစ် ရှုမြင်ခြင်း.................... ၁၃

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံလူ့အခွင့်အရေးရှုထောင့်မှ ရှုမြင်ခြင်း........ ၁၆

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံရေးရှုထောင့်မှ ရှုမြင်ခြင်း ........................... ၁၈

ဖိနှိပ်မှုများကြားမှ ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးနေရသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်... ၂၂

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ခြိမ်းခြောက်အန္တရာယ်ပြုသည့် အဓိက အဖွဲ့များ ........................................................................................................ ၂၆

လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအပေါ် အကြမ်းဖက်နည်းသုံး၍ ဖိနှိပ်အရေးယူမှုများ .. ၃၀

အာဏာသိမ်းမှုကိုဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်ပြသမှုများအပေါ်တွင် အကြမ်းဖက် အရေးယူမှုများ ............................................................................................ ၃၈

စောင့်ကြည့်ရေး ဗျူဟာများ ............................................................................ ၄၂

အကြမ်းဖက်စစ်တပ်၏ စောင့်ကြည့်ခြင်းကို ဦးတည်ထားခံရသော လူအုပ်စုများ ........... ၄၇

သတင်းတု၊ သတင်းမှားများအသုံးပြု၍ လူထုအကြား ဝါဒဖြန့်ခြင်းများ ............................ ၅၂

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ခြင်းနှင့် မြှင့်တင်ပေးခြင်း........................ ၅၅

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ လှုပ်ရှားနိုင်မှု ........................................................................................... ၅၇

ပြည်သူလူထု၏ အသံကို နားစွင့်ခြင်းနှင့် အလေးထားထည့်သွင်းစဉ်းစားခြင်း ................ ၆၁

**ဇယားများ**

ဇယား (၁) လေ့လာစောင့်ကြည့်ခဲ့သည့် ဒေသအလိုက် အခြေစိုက် သတင်းဌာနများ အရေအတွက်........၉
ဇယား (၂) ပါဝင်ဖြေဆိုသူများ၏ အလုပ်အကိုင်နှင့် အဖွဲ့အစည်း........................................................၁၀
ဇယား (၃) ပါဝင်ဖြေဆိုသူများ၏ ကျား/မအခြေပြဇယား.................................................................၁၀
ဇယား (၄) ပါဝင်ဖြေဆိုသူများ၏ နေရပ်ဒေသ.............................................................................၁၁
ဇယား (၅) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကြောင့် ဖမ်းဆီးခံရသူများ............................................၃၅
ဇယား (၆) တိုင်းနှင့် ပြည်နယ်အလိုက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့်အတွက် အဖမ်းခံရသူဦးရေ
......................................................................................................................................၃၆
ဇယား (၇) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့်အတွက် အဖမ်းခံရသူများအပေါ် အရေးယူမှု
အခြေအနေ.........................................................................................................................၃၇
ဇယား (၈) ဆန္ဒပြစဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများစာရင်း .....................................................၃၈
ဇယား (၉) ထိန်းသိမ်းခံရသူများ၏ ကျား/မ.................................................................................၃၉
ဇယား (၁၀) ဆန္ဒပြသည့်အတွက် တိုင်းနှင့် ပြည်နယ်အလိုက် ဖမ်းဆီးခံရသူဦးရေ..............................၃၉
ဇယား (၁၁) ဆန္ဒပြသည့်အတွက် အဖမ်းခံရသူများအပေါ် အရေးယူမှု အခြေအနေ............................၄၀
ဇယား (၁၂) တရားစွဲဆိုခံရသည့် ဥပဒေပုဒ်မျာနှင့် အမှုများ............................................................၄၀
ဇယား (၁၃) ထောင်ချခံကြရသည့်နှစ်များ ..................................................................................၄၁

## အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံအကျဉ်း

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ လူငယ်များမှစုစည်းကာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ Research Team for Telecommunications Law နှင့် We Support Journalists အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် ရည်ရွယ်၍ အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

အသံသည် အဓိက ဦးတည်ချက် (၃) ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေးခြင်းတို့မှတစ်ဆင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသန အခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်း ဖြစ်သည်။ သုတေသနကို အခြေခံထားသော အဖွဲ့အစည်း ဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့် ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ်လေ့လာ ဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များ အပေါ်အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေးဆောင်ရွက်ခြင်း၊ လွတ်လပ်စွာ ထုတ် ဖော်ပြောဆိုခွင့် အပြည့်အဝရရှိစေရန် သက်ဆိုင်ရာအဆင့်အလိုက်၊ ကဏ္ဍအလိုက် စည်းရုံးလှုံ့ဆော် ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။

အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော Human Rights Tulip Award ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

## အစီရင်ခံစာ နိဒါန်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူတဦးချင်း၏ မွေးရာပါ လူ့အခွင့်အရေး တရပ်ဖြစ်ကြောင်းကို လူ့အခွင့်အရေး ကြေညာစာတန်း (Universal Declaration of Human Rights) ၏ အပိုဒ် ၁၉ တွင် တိတိကျကျ ရေးသားဖော်ပြအာမခံပေးထားသည်။[၁] ထိုလူ့အခွင့်အရေး ကြေညာစာတမ်းတွင် ပါဝင်လက်မှတ်ရေးထိုးအတည်ပြုသည့် အစောဆုံးသောနိုင်ငံများအနက် မြန်မာနိုင်ငံသည်လည်း တနိုင်ငံ ဖြစ်သည်။ ကြေညာစာတမ်းပါ အပိုဒ် (၁၉) ၏ ရေးသားဖော်ပြထားချက်အရ "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင် ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့်ရှိသည်" ဟု တိတိပပ ဖော်ပြထားပြီး၊ အဆိုပါ အခွင့်အရေးများကို ကျင့်သုံးရာတွင် အနှောင့်အယှက်မရှိဘဲ လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်တို့ ပါဝင်သည့်အပြင်၊ ထိုသို့ ကျင့်သုံးရာတွင်လည်း "နိုင်ငံနယ်နိမိတ်များကို ထောက်ထားရန် မလိုဘဲ သတင်းအကြောင်းအရာနှင့် သဘောတရားများကို တနည်းနည်းဖြင့် လွတ်လပ်စွာ ရှာယူဆည်းပူးနိုင်ခွင့်၊ လက်ခံနိုင်ခွင့်နှင့် ဝေငှဖြန့်ချီခွင့်တို့လည်း ပါဝင်သည်။" ဟု ရှင်းလင်းစွာ ရေးသားဖော်ပြထားသည်။[၂]

ထိုနည်းတူ နောက်ထပ် နိုင်ငံတကာ သဘောတူစာချုပ်တခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (International Covenant on Civil and Political Rights – ICCPR) ၏ အပိုဒ် ၁၉ တွင်လည်း လူတဦးချင်းစီတိုင်းသည် မည်သူတဦးတယောက်၏ လွှမ်းမိုးမှု၊ ချုပ်ကိုင်မှု၊ နှောင့်ယှက်မှု မရှိဘဲ မိမိတို့၏ ကိုယ်ပိုင်အယူအဆ အတွေးအခေါ် ထင်မြင်ချက်များကို စွဲကိုင်ပိုင်ခွင့် ရှိကြောင်းကို ပြဋ္ဌာန်းထားသည်။[၃] ထို့အပြင် လူသားတိုင်းသည် ၎င်းတို့၏ အတွေးအခေါ် ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုရေးသားကြရာတွင် မည်သည့်ပုံစံများဖြင့် ကျင့်သုံးနိုင်သည်ကို ICCPR ၏ အပိုဒ် ၁၉ (၂) တွင် "လူတိုင်းလွတ်လပ်စွာ ပြောဆိုရေးသားဖော်ပြပိုင်ခွင့်ရှိသည်။ ဤအခွင့်အရေးတွင် လွတ်လပ်စွာ

[၁] Article ၁၉ of Universal Declaration of Human Rights. https://www.ohchr.org/en/human-rights/universal-declaration/translations/english

[၂] အပိုဒ် ၁၉ (မြန်မာပြန်)၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း။ https://myanmar.un.org/my/၂၁၈၈၆-အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး-ကြေညာစာတမ်း

[၃] အပိုဒ် ၁၉ (မြန်မာပြန်)၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်။ https://equalitymyanmar.org/book/wp-content/uploads/၂၀၁၅/၀၃/Combined-Articles.pdf

ပြောဆိုပိုင်ခွင့်၊ နယ်နိမိတ်ပိုင်းခြားကျော်လွန်၍ နှုတ်ဖြင့်ဖြစ်စေ၊ စာရေးသား၍ဖြစ်စေ၊ အနုပညာ အမျိုးမျိုးနှင့်ဖြစ်စေ၊ အမျိုးမျိုးသော သတင်းအချက်အလက်၊ အတွေးအခေါ်များကို လွတ်လပ်စွာ ဖြန့်ချီပိုင်ခွင့်နှင့် လွတ်လပ်စွာ လက်ခံပိုင်ခွင့်တို့ ရှိသည်။"[၄] ဟူ၍ ရှင်းလင်းပြတ်သားစွာ ရေးသား ထားသည်။

အထက်ပါ "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း"နှင့် "အပြည်ပြည် ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်"တို့ နှစ်ခုစလုံး၏ ပြဋ္ဌာန်းချက် များတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လူသားတိုင်း၏ အခြေခံအကျဆုံးသော မွေးရာပါ အခွင့်အရေးတခု ဖြစ်သည်သာမက၊ ထိုအခွင့်အရေးသည် နိုင်ငံသားတိုင်းအတွက် အရေးကြီးလှသည့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးတရပ်ဖြစ်ကြောင်းကိုလည်း လိုတိုရှင်း ဖော်ပြ ထားသည်။ တဖက်တွင်လည်း ၁၉၆၂ ခုနှစ်မှစ၍ မတရားအာဏာသိမ်းပြီး တိုင်းပြည်အာဏာကို ခေတ်အဆက်ဆက် ချုပ်ကိုင်ထားခဲ့ကြသည့် စစ်အစိုးရအစဉ်အဆက်အောက်တွင် မြန်မာပြည်သူ လူထုတို့အဖို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို မဆိုထားလင့် အခြားရသင့်ရထိုက် သော အခြေခံလူ့အခွင့်အရေး အားလုံးကိုပင် ထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်၊ ရရှိခံစားပိုင်ခွင့် မရရှိခဲ့ကြပါ။ စစ်ခေါင်းဆောင်နှင့် ၎င်းတို့၏ အသိုင်းအဝန်းများအတွက် ထို "လူ့အခွင့်အရေး" နှင့် "ဒီမိုကရေစီ"ဆိုသည့် စံတန်ဖိုးများသည် ၎င်းတို့၏ အကျိုးစီးပွားနှင့် နိုင်ငံရေးအာဏာကို စိန်ခေါ်ခြိမ်းခြောက်သည့် အယူအဆများဟု ရှုမြင်ခဲ့ကြပြီး ထိုသို့ လူ့အခွင့် အရေးနှင့် ဒီမိုကရေစီအတွက် တောင်းဆိုတိုက်ပွဲဝင် လှုပ်ရှားကြသည့် ကျောင်းသူကျောင်းသား များ၊ လူငယ်များ၊ တက်ကြွလှုပ်ရှားဆော်ဩသူများနှင့် နိုင်ငံရေးသမားများစွာတို့ကို အဆက် ဆက် ဖမ်းဆီးထောင်ချ ညှဉ်းပမ်းမှုများစွာတို့ကို စနစ်တကျ လုပ်ဆောင်ခဲ့ကြသည်။

စစ်တပ်နှင့် စစ်ခေါင်းဆောင်အသိုင်းအဝိုင်းများသည် ၎င်းတို့ အစဉ်အဆက် ချုပ်ကိုင်ထားခဲ့ ကြသည့် နိုင်ငံရေးနှင့် စီးပွားရေးအကျိုးအမြတ်များကို ကာကွယ်နိုင်ရန်အတွက် "စည်းကမ်း ပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့" ဟူသည့် ဆောင်ပုဒ်ဖြင့် အတု

[၄] အပိုဒ် ၁၉ (၂) (မြန်မာပြန်)၊ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်။ https://equalitymyanmar.org/book/wp-content/uploads/၂၀၁၅/၀၃/Combined-Articles.pdf

အယောင် နိုင်ငံရေးအပြောင်းအလဲကို ၂၀၁၀ ခုနှစ်တွင် စတင် လုပ်ဆောင်လာခဲ့ကြသည်။ ထိုသို့ လုပ်ဆောင်ကြရာတွင်လည်း ၎င်းတို့၏ နိုင်ငံရေးဦးဆောင်မှုကို သေချာစေရန်အတွက် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆယ်စုနှစ်တခုမကအချိန်ယူ၍ စနစ်တကျ ရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့ကြသည်။ အဆိုးဆုံးမှာ ၎င်းတို့စီစဉ်ရေးဆွဲထားသည့် ထို ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အမျိုးသားအဆင့်နှင့် ပြည်ထောင်စုအဆင့် လွှတ်တော်များတွင်သာမက ပြည်နယ်နှင့် တိုင်းအဆင့် လွှတ်တော်များ အဆင့်ဆင့်တွင်ပါ ၂၅ ရာခိုင်နှုန်းသော လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ခြင်းမရှိရဘဲ အကြမ်းဖက်စစ်တပ်ကို ဦးဆောင်သည့် အကြီးအကဲဆိုသူများက တိုက်ရိုက်ခန့်အပ်၍ အကြမ်းဖက်စစ်တပ်၏ နိုင်ငံရေးနှင့် စီးပွားရေး အကျိုးစီးပွားများကို ကာကွယ်စေခဲ့သည်။ ထို့ကြောင့် လူထုက တိုက်ရိုက်ရွေးကောက်ခြင်းမရှိဘဲ အကြမ်းဖက်စစ်တပ်၏ တိုက်ရိုက်ခန့်အပ်ခြင်းကို ခံကြရသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဝန်ထမ်းများသည် လူထုထံ တိုက်ရိုက် တာဝန်ခံကြရခြင်း မရှိဘဲ ၎င်းတို့က ခန့်အပ်သည့် အကြမ်းဖက်စစ်တပ်၏ သြဇာကိုယ်သာခံကြ၍ စစ်တပ်အလိုကျ အလုပ်လုပ်ကြသူများ ဖြစ်လာကြသည်။

ထိုကဲ့သို့ အဘက်ဘက်မှ အခွင့်ထူးခံမှုများကို ရယူထားသည့် အကြမ်းဖက်စစ်တပ်သည် ၎င်းတို့ မတရားရယူထားသည့် စီးပွားရေးနှင့် နိုင်ငံရေးခံစားခွင့်များကို ဝေဖန်ထောက်ပြ ရေးသားလာသည့် တက်ကြွလှုပ်ရှားသူ ပြည်သူတဦးချင်းစီကို ပစ်မှတ်ထားအရေးယူမှုများကို စနစ်တကျ ပြုလုပ်လေ့ရှိသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဖော်ဆောင်မည်ဟုဆိုကာ ၂၀၁၅ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရပြီး အစိုးရဖြစ်လာသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် အရပ်သားအစိုရလက်ထက်ဟု ညွှန်းဆိုကြသော ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်းတွင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သီးသန့်စပ်လျဉ်း၍ စစ်တပ်နှင့် အစိုးရ၏ မတရားဖမ်းဆီး တရားစွဲခြင်းနှင့် အကျဉ်းချခြင်းများခံခဲ့ရသည့် အမှုများစွာ ရှိခဲ့သည်ကိုလည်း အသံအဖွဲ့မှ ထုတ်ပြန်ခဲ့သော နှစ်စဉ် အစီရင်ခံစာများတွင် တွေ့ရသည် (ဥပမာ - အသံအဖွဲ့က ၂၀၂၀ ခုနှစ် နှစ်ဦးပိုင်းတွင် ထုတ်ဝေခဲ့သည့် "၂၀၁၉ ခုနှစ်၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခြေအနေ" အစီရင်ခံစာကို ဖော်ပြပါ လင့်ခ်တွင် ဖတ်ရှုနိုင်သည်)။ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကို အဓိကထား လေ့လာကြသည့် ပညာရှင်များအနက် Robert A. Dahl ဆိုသူက ဒီမိုကရေစီ

အသွင်ကူးပြောင်းရေး အောင်မြင်စေရန်အတွက် အဓိကလိုအပ်သည့် ကနဦးနိုင်ငံရေး စံချိန်စံနှုန်းများကို ဆွေးနွေးရေးသားထောက်ပြရာတွင် Freedom of Expression ဟုခေါ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည်လည်း အဓိကမဏ္ဍိုင်တခုဖြစ်ကြောင်းကို ၎င်း၏ "Polyarchy: Participation and Opposition ဆိုသည့် စာအုပ်တွင် ရေးသားထားသည်။[၅]

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မျက်မုန်းကျိုးနေသည့် အကြမ်းဖက်စစ်တပ်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးသည်နှင့် ၎င်းတို့အား ပုံစံအမျိုးမျိုးဖြင့် ဆန့်ကျင်ဆန္ဒထုတ်ဖော်ကြသည့် ပြည်သူလူထု၏ လုပ်ရပ်များကို ထိန်းချုပ်ကန့်သတ်ရန် အမျိုးမျိုးကြိုးပမ်းခဲ့သည်။ ကြိုးပမ်းလျှက်ရှိသည်။ ထိုကြိုးပမ်းမှုများအနက် လူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်ကိုလည်း အဓိကထား ဖိနှိပ်လျက်ရှိသည်ကို တွေ့ရသည်။ အကြောင်းမှာ လူမှုမီဒီယာစာမျက်နှာများ၊ သတင်းစာများနှင့်၊ ရေဒီယိုကဲ့သို့သော အခြားမီဒီယာများကိုအသုံးပြု၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုကြသည့် နာမည်ထင်ရှားသည့် အနုပညာရှင်များ၊ သတင်းသမားများသာမက သာမန်ပြည်သူများစွာကိုလည်း အကြမ်းဖက်စစ်တပ်က စနစ်တကျ ဖမ်းဆီးအရေးယူ ထောင်အကျဥ်းချမှုများနှင့် ညှဥ်းပမ်းနှိပ်စက်မှုများစွာ ပြုလုပ်ခဲ့သည်။ တဖက်တွင်လည်း အကြမ်းဖက်စစ်တပ်က ပြည်သူလူထုအပေါ် အကြောက်တရား သွတ်သွင်း၍ ၎င်းတို့အား ဆန့်ကျင်ဆန္ဒပြမှုများကို ထိန်းချုပ်ရန် မည်ကဲ့သို့ လုပ်ဆောင်နေသည်ကို စောင့်ကြည့်လေ့လာရန် လိုအပ်လျက်ရှိသည်။ ထိုသို့လေ့လာမှုများ ပြုလုပ်ရာတွင်လည်း အကြမ်းဖက်စစ်တပ်မှ လုပ်ဆောင်နေသည့် ဖိနှိပ်ချုပ်ခြယ်ကန့်သတ်မှုများကိုသာမက ထိုကဲ့သို့ တင်းကျပ်စွာ ဖိနှိပ်ချုပ်ချယ်ခံထားရသည့် ကြားမှ ပြည်သူများသည် မည်ကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပုံစံအမျိုးမျိုးသုံး၍ ကျင့်သုံးလျက်ရှိသည်ကိုလည်း လေ့လာတင်ပြနိုင်ရန် လိုအပ်သည်။ ဤသို့ တင်ပြရခြင်းမှာ ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ခြင်း၊ မြှင့်တင်ခြင်း မည်သည့် နည်းလမ်းများကို အသုံးပြု၍ လုပ်ဆောင်နိုင်သည်ကို အကြံပြု ဆွေးနွေးနိုင်ရန်လည်းဖြစ်သည်။

[၅] Robert A. Dahl. "*Polyarchy: Participation and Opposition,*" Yale University Press, ၁၉၇၁. Pp. ၁-၃၁

ဤအစီရင်ခံစာကို အဓိကမောင်းနှင်သည့် သုတေသနမေးခွန်းမှာ "အကြမ်းဖက်စစ်တပ်က ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို ရည်ရွယ်ချက်ရှိရှိနှင့် စနစ်တကျ ချိုးဖောက်ခြင်းကို ဗျူဟာတရပ်အနေဖြင့် အသုံးပြု၍ ပြည်သူလူထု၏ ဆန့်ကျင်ဆန္ဒပြမှုများကို မည်ကဲ့သို့ ဖိနှိပ်ထိန်းချုပ်နေသနည်း" ဆိုသည့် မေးခွန်းဖြစ်သည်။

## အစီရင်ခံစာ၏ ရည်ရွယ်ချက်


ဤအစီရင်ခံစာ၏ အဓိက ရည်ရွယ်ချက်မှာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ဖြစ်သည့် အကြမ်းဖက်စစ်တပ်က ရွေးကောက်ခံအရပ်သားအစိုးရထံမှ နိုင်ငံတော်အာဏာကို တရားမဝင် အဓမ္မသိမ်းယူပြီးသည့်နေ့မှ စတင်၍ ယနေ့ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ အထိ၊ ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို ရည်ရွယ်ချက်ရှိရှိဖြင့် စနစ်တကျ ဖိနှိပ်ချုပ်ချယ် ချိုးဖောက်ခြင်းဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်သည့် လုပ်ဆောင်ချက်များကို မည်ကဲ့သို့ နည်းဗျူဟာကျကျ ဖိနှိပ်လုပ်ဆောင်နေသည်ကို သုံးသပ်ရေးသားတင်ပြနိုင်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် ဤအစီရင်ခံစာတွင် အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းပြီးချိန်မှစ၍ လူထုအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားနိုင်ခွင့် အခြေအနေကို သုံးသပ်တင်ပြခြင်း၊ လူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အပေါ် နားလည်သဘောပေါက်လက်ခံမှုကို တင်ပြခြင်း၊ အမျိုးမျိုးသော ဖိနှိပ်ချုပ်ချယ်မှုများကြားမှ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို မည်သည့်ပုံစံဖြင့် အသုံးပြု၍ လူထု၏ အသံကို ထုတ်ဖော်ပြောဆိုရေးသားနေသည်များကို သိရှိနိုင်ရန် လေ့လာတင်ပြထားသည်။

တဖက်တွင်လည်း အကြမ်းဖက်စစ်တပ်မှ ၎င်းတို့၏ လုပ်ရပ်များကို ဆန့်ကျင်ရေးသားထောက်ပြကြသည့် တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသူကျောင်းသားများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ social influencers များနှင့် အနုပညာဖန်တီးသူများပါမကျန်၊ ပြည်သူတို့၏ ဆန့်ကျင်လှုပ်ရှားမှုများကို မည်သည့်အရာများနှင့် မည်သည့်နည်းလမ်းများကိုအသုံးပြု၍ မည်ကဲ့သို့ စုံစမ်းထောက်လှမ်းနေကြသည်ကို လေ့လာဖော်ထုတ်တင်ပြနိုင်ရန်နှင့်၊ လူထု၏ ဆန့်ကျင်မှုများကို မည်ကဲ့သို့ အားလျှော့ပျက်ပြယ်သွားအောင် မည်သည့်နည်းလမ်းများ အသုံးပြု၍ အကြမ်းဖက်စစ်တပ်က လုပ်ဆောင်နေသည်ကို သိရှိရန်အတွက်လည်း ဤအစီရင်ခံစာတွင် တင်ပြထားသည်။ အဆုံးတွင် ချိုးဖောက်ခံနေရသည့် ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့် အခွင့်အရေးကို သက်ဆိုင်ရာ ပြည်တွင်းပြည်ပ အဖွဲ့အစည်းအသီးသီးများအကြား ပူးပေါင်း၍ မည်ကဲ့သို့ မြှင့်တင်ရန်နှင့် ကာကွယ်ရန် လုပ်ဆောင်နိုင်သည့် နည်းလမ်းများကို အကြံပြုတင်ပြနိုင်ရန် ရည်ရွယ်ထားသည်။

## သုတေသနနည်းနာ

ဤသုတေသနအစီရင်ခံစာကို ရေးသားရာတွင် အရည်အသွေးစံပြု သုတေသနနည်းစနစ် (Qualitative Research Methodology) ကို အဓိက အသုံးပြုထားပြီး၊ ဤအစီရင်ခံစာတွင် ပါရှိသည့် သုတေသနမေးခွန်း (Research Question) ကို ဖြေဆိုရေးသားရန် အသုံးပြုထားသည့် သတင်းအချက်အလက်များ၊ ဖြစ်ရပ်များနှင့် ပြောစကားများကို တဦးချင်းအင်တာဗျူးများနှင့် အဖွဲ့လိုက် အင်တာဗျူးများမှတဆင့် ကောက်ယူထားသည့် သတင်းအချက်အလက်များသာမက အသံအဖွဲ့မှ ၂၀၂၁ အာဏာသိမ်းမှုအပြီး လွတ်လပ်စွာထုတ်ဖော်ခွင့် ချိုးဖောက်မှုများနှင့် ပတ်သက်၍ သတင်းမီဒီယာများ၊ အစီရင်ခံစာများမှတဆင့် ရေးသားထုတ်ပြန်ထားသည့် သတင်းမှတ်တမ်းများ၊ အသံမှတ်တမ်းများနှင့် ရုပ်သံမှတ်တမ်းများမှ ရရှိသည့် သတင်းအချက်အလက်များကိုပါ အသုံးပြု၍ ရေးသားသုံးသပ်တင်ပြထားပါသည်။ ထိုသို့ သတင်းအချက်အလက်များကို စုဆောင်းကောက်ယူရာတွင် တနိုင်ငံလုံးကို လွှမ်းခြုံတင်ပြသည့် သတင်းဌာနများမှ ရေးသားဖော်ပြသည့် သတင်းများသာမက၊ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးအတွင်း အခြေစိုက်သည့် သတင်းဌာနများလည်းပါဝင်သည်။ အောက်တွင် ဖော်ပြထားသည့် ဇယား (၁) သည် ၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးချိန်မှစ၍ အသံအဖွဲ့မှ (Media Monitoring) စောင့်ကြည့်လေ့လာခဲ့ရသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို ချိုးဖောက်အရေးယူခံရမှု သတင်းများကို ၎င်းတို့၏ သတင်းစာမျက်နှာများတွင် ရေးသားဖော်ပြသည့် ဒေသအသီးအသီးအလိုက် အခြေဆိုက်သတင်းဌာနများ အရေအတွက် ဖြစ်သည်။


*ဇယား (၁) လေ့လာစောင့်ကြည့်ခဲ့သည့် ဒေသအလိုက် အခြေစိုက် သတင်းဌာနများ အရေအတွက်*




အစီရင်ခံစာတွင် ပါရှိသည့် အင်တာဗျူးမေးခွန်းများကို တည်ဆောက်ရာတွင် အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူများအနေဖြင့် မေးမြန်းသည့် မေးခွန်းများ၏ အကြောင်းအရာများကို အလွယ်တကူနှင့် အစီအစဉ်တကျ ချိတ်ဆက်မှုရှိရှိ ဖြေဆိုနိုင်ရန် ကနဦးရှေ့ပြေး အင်တာဗျူးများကိုလည်း ပြုလုပ်ခဲ့သည်။ ထိုအင်တာဗျူးမှ ရရှိလာသည့် အချက်အလက်များကို ထပ်မံသုံးသပ်မှုများနှင့် အကြံပြုမှုများကို အသုံးပြု၍ အင်တာဗျူးမေးခွန်းများကို အဆင့်ဆင့် မွမ်းမံပြင်ဆင်ခဲ့သည်။ အစီရင်ခံစာ၏ အင်တာဗျူးလုပ်ငန်းစဉ်တွင် အင်တာဗျူးမေးခွန်းများကို ဖြေဆိုပေးကြမည့် ပါဝင်ဖြေဆိုသူများကို ရွေးချယ်ရာတွင် စီစစ်ရွေးချယ်နမူနာကောက်ယူသည့်စနစ် (purposive sampling) ကို အသုံးပြုထားပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့် အခွင့်အရေးနှင့် ပတ်သက်၍ အထိုက်အလျောက် (သို့မဟုတ် ကျွမ်းကျင်စွာ) ရင်းနှီးသူ၊ ဗဟုသုတရှိသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ၊ ပါဝင်ဆက်နွယ်ဖူးသူ စသည့် အချက်များအပေါ် အခြေခံ၍ အင်တာဗျူးတွင် ပါဝင်ရန် ဆက်သွယ် မေးမြန်းခဲ့သည်။ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ (၂၈) ဦး ရှိပြီး အများစုမှာ


ဇယား (၂) တွင် ဖော်ပြထားသည့်အတိုင်း ကျောင်းသားကျောင်းသူများ၊ အရပ်ဘက်အဖွဲ့ အစည်းများ၊ အနုပညာရှင်များ၊ သတင်းသမားများစသည့် နယ်ပယ်များမှ ပါဝင်သည်။

*ဇယား (၂) ပါဝင်ဖြေဆိုသူများ၏ အလုပ်အကိုင်နှင့် အဖွဲ့အစည်း*





ဇယား (၃) နှင့် ဇယား (၄) မှာ အင်တာဗျူးတွင် ပါဝင်သူများ၏ Gender နှင့် ပြည်နယ်နှင့် ကိုယ်စားပြုမှုကို ဖော်ပြထားခြင်းဖြစ်သည်။

*ဇယား (၃) ပါဝင်ဖြေဆိုသူများ၏ ကျား/မအခြေပြဇယား*



*ဇယား (၄) ပါဝင်ဖြေဆိုသူများ၏ နေရပ်ဒေသ*



## သုတေသနတွေ့ရှိချက်များ

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို ပြည်သူများ၏ နားလည်သဘောပေါက်မှု အခြေအနေ

သုတေသနအစီရင်ခံစာ၏ ရှေ့ဦးပိုင်း အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့် အခွင့်အရေးကို မည်ကဲ့သို့ နားလည်သဘောပေါက်ထားကြသည် နှင့် အဘယ်ကြောင့် လူ့အဖွဲ့အစည်းအတွင်း ဤလွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို လိုအပ်ကြောင်းကို ပါဝင်ဖြေဆိုသူများ၏ ဆွေးနွေးသုံးသပ်ထားချက်များကို တင်ပြသွားပါမည်။ ကနဦးအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့် အခွင့်အရေးကို နားလည်ထားရှိပုံကို သုံးမျိုးသုံးစားခွဲ၍ တင်ပြနိုင်သည်။ ပထမ အမျိုးအစားမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားခွင့်ကို လူသားတို့ ကောင်းမွန်စွာ ရှင်သန်ကြီးပြင်းလာနိုင်ရေးအတွက် ကိုယ်အား၊ စိတ်အားဖြင့် လိုအပ်မည့် အရာများကို တောင်းဆိုနိုင်ရန်နှင့် ထုတ်ဖော်ပြောဆိုနိုင်ရန်အတွက် ဤလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လူ့ "လိုအပ်ချက်" ဟူသည့် ရှုထောင့်မှ ပြောဆိုဆွေးနွေး သုံးသပ်ထားကြသည်။ ဒုတိယ သဘောရှုထောင့်မှာ လူ့အခွင့်အရေးရှုထောင့်မှ ရှုမြင်ဆွေးနွေး သည့် ဆွေးနွေးမှုများဖြစ်ပြီး ဤရှုမြင်မှုတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဟူသည်ကို လူသားတိုင်း မဖြစ်မနေ လိုအပ်သည့် အချက်တခုအနေဖြင့်သာမက လူ့အဖွဲ့အစည်းအနေဖြင့် မဖြစ်မနေ ကာကွယ်မြှင့်တင် ဖြည့်ဆည်းပေးရမည့် အခြေခံ လူ့အခွင့်အရေးတရပ်အဖြစ် ရှုမြင် ဆွေးနွေးမှုဖြစ်သည်။ တတိယမြောက်ရှုမြင်မှုမှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံရေး စံချိန်စံနှုန်းတရပ်အရ လိုအပ်ခြင်းဖြစ်သည်ဟူသည့် ရှုမြင်မှုဖြစ်သည်။ ဤရှုမြင်မှုတွင် တော်လှန်ရေး မှတဆင့် အကြမ်းဖက်စစ်တပ်ကို ဖြုတ်ချပြီး ဖက်ဒရယ်ဒီမိုကရေစီတိုင်းပြည်သစ် တည်ဆောက် မည်ဟု အားခဲထားသဖြင့် ထိုကဲ့သို့ ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း တည်တံ့မြဲမြံနိုင်ရေးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ မဖြစ်မနေ လိုအပ်သည့် ဒီမိုကရက်တစ် စံချိန်စံနှုန်း တခု အဖြစ် ရှုမြင်ကြည့်ခြင်းလည်းဖြစ်သည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လူသားလိုအပ်ချက်အဖြစ် ရှုမြင်ခြင်း

အစီရင်ခံစာအင်တာဗျူးတွင် ပါဝင်ဆွေးနွေးသူများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဟူသည် "လူ့ လိုအပ်ချက်" တခုဖြစ်ကြောင်းကို လူသားတို့၏ ကြီးပြင်းရှင်သန်လာမှု သဘောသဘာဝများအလျှောက် ကိုယ်ပိုင် ထင်မြင်ယူဆချက်ရှိခြင်း၊ ထိုထင်မြင်ယူဆချက်များကို ပုံစံအမျိုးမျိုးဖြင့် ပြန်လည်ဆွေးနွေးမျှဝေခြင်း စသည့် လုပ်ရပ်များကို လူသားတို့၏ ကြီးထွားဖွံ့ဖြိုးမှုအတွက် မဖြစ်မနေ လိုအပ်သည့် လူ့လိုအပ်ချက် တခုဖြစ်ကြောင်းကို ဆွေးနွေးကြသည်။ ထို့အပြင် လူတို့တွင် ရှိကြသည့် ထင်မြင်ယူဆချက်များသာမက စိတ်ပိုင်းဆိုင်ရာ ကိုယ်ပိုင်ခံစားချက်များကိုပါ လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရှိကြရမည်ဖြစ်ကြောင်းကိုလည်း လွတ်လပ်စွာထုတ်ဖော်ပြောခွင့်၏ အင်္ဂါရပ် တခုအနေဖြင့် ရှုမြင်နားလည်ထားကြသည်။ ထိုကဲ့သို့ မိမိတို့၏ ကိုယ်ပိုင်အတွေးအခေါ် ယူဆချက်များနှင့် ကိုယ်ပိုင်ခံစားချက်များကို ထုတ်ဖော်ပြောဆိုကြရာတွင် လူတဦးနှင့် တဦး အမြင်သဘောထားခြင်း ကွဲလွဲနိုင်မှုများ ရှိနေနိုင်ပြီး မည်သို့ပင် ကွဲလွဲမှုများရှိနေစေကာမူ ထိုမတူညီသည့် အမြင်သဘောထားများနှင့် ခံယူချက်များကို မှန်ခြင်း၊ မှားခြင်း စသည်ဖြင့် အကဲဖြတ်မှုမရှိဘဲ လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောဆို ဖလှယ်နိုင်ခြင်းသည်ကလည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရှိခြင်း၏ အစိတ်အပိုင်း တရပ်ဖြစ်သည်။[၆]

ထိုကဲ့သို့ပင် လွတ်လပ်စွာပြောဆိုခွင့်ကို အဓိပ္ပာယ်ဖွင့်ဆိုပြရာတွင် ပါဝင်ဆွေနွေးသူ တဦးကလည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ဟူသည် အကြောင်းအရာတခုခုနှင့် စပ်လျဉ်း၍သော်လည်းကောင်း နယ်ပယ် တခုခုနှင့် ဆက်စပ်လျက်သော်လည်းကောင်း လူတိုင်းလူတိုင်းက မိမိကိုယ်ပိုင် အသိအမြင် အတွေးအခေါ် ယူဆချက် ရှိခွင့် ရှိနိုင်ပြီး ထိုကိုယ်ပိုင်ယူဆထင်မြင်ချက်ကို လွတ်လပ်စွာ ပြောဆိုနိုင်ခြင်း ရေးသားမျှဝေနိုင်ခြင်းဖြစ်ကြောင်း ၎င်း၏ နားလည်မှုကို ရှင်းပြသည်။ *"လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိုတာ ကျွန်တော်တို့ နှုတ်ကဖြစ်စေ၊ စာအကြောင်းအရာ တခုခု အနေနဲ့ ရေးပြီးတော့ ဖြစ်စေ၊ Performance အနေနဲ့ဖြစ်စေ၊ ဘာနေနေပေါ့ဗျာ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်ရာ ပေါ့။ ကျွန်တော်တို့ရဲ့ ထုတ်ဖော်မှုဟာ ဘာသာစကားနဲ့ ဖြစ်ချင်ဖြစ်မယ်၊ artwork နဲ့လည်း ဖြစ်ချင်ဖြစ်မယ်၊ နည်းပေါင်းစုံနဲ့ လုပ်ရပ်တခုနဲ့လည်း ဖြစ်ချင် ဖြစ်မယ်၊*

[၆] Standino, Vice Executive Director of Burma Academy, in discussion with researcher

*အဲဒီဟာတွေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်လို့ ယူဆတယ်။"*[၇] ဟူ၍လည်း အင်တာဗျူးတွင် ပါဝင်ဆွေးနွေးသည့် ရတနာပုံတက္ကသိုလ် ကျောင်းသားသမဂ္ဂခေါင်းဆောင်တဦး က ၎င်းထင်မြင်ယူဆချက်ကို ရှင်းပြသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို လူသားတို့၏ "လိုအပ်ချက်"တခုအနေဖြင့် အာမခံပေးရမည့်အတူ၊ တဖက်တွင်လည်း ထိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို စည်းစနစ်တကျ စည်းနှင့်ဘောင်နှင့် ထုတ်ဖော်ပြောဆိုရေးသားတတ်ကြရန် လိုအပ်ကြောင်းကို ပါဝင်ဆွေးနွေးသူတချို့က ထောက်ပြကြသည်။ စည်းနှင့်ဘောင်နှင့် ဟု ဆိုရာတွင် မိမိတို့၏ တကိုယ်ရည်တကာရ စိတ်ခံစားချက်များအပေါ်တွင် အခြေခံ၍ တခြားသူများ၏ ဂုဏ်သိက္ခာညှိုးနွမ်းသွားစေရန် ရည်ရွယ်၍ အမုန်းစကားများ ပြောဆိုရေးသား တိုက်ခိုက်ခြင်းမျိုးမဟုတ်ဘဲ တခြားသူများ၏ ထင်မြင်ယူဆချက်များ၊ ရေးသားချက်များနှင့် လုပ်ဆောင်ချက်များအပေါ်တွင်သာ မှန်ကန်မှု ရှိ၊ မရှိ ဆီလျော်မှု ရှိ၊ မရှိ စသည်အားဖြင့် မိမိတို့၏ ထင်မြင်ယူဆချက်များကို ပြန်လည်ရေးသား ထောက်ပြခြင်းမျိုးဖြစ်သင့်ကြောင်း ဥပမာပေး ဆွေးနွေးကြသည်။

လွတ်လပ်စွာထုတ်ဖော် ပြောဆိုရေးသားခွင့်နှင့် စပ်လျဉ်း၍၊ *"လူဆိုတာက တွေးတောမယ်၊ စိတ်ကူးစိတ်သန်းခံစားချက်တွေကို ထုတ်ဖော်ပြောပြမယ်။ ဘယ်သူမဆို လွတ်လပ်မှုရှိရမယ်။ ဒါပေမဲ့ လွတ်လပ်တဲ့နေရာမှာ စည်းရှိတယ်။ ဘောင်ရှိတယ်။ သူတပါးကိုသွားပြီး ထိခိုက်ပြီး ပြောနေတာမျိုး မဟုတ်ဘဲ၊ ကိုယ့်ရဲ့ Personal feeling အရလွတ်လပ်ခွင့် ရှိတယ်ဗျာ"*[၈] ဟူ၍ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူတဦးက ဆွေးနွေးရှင်းပြသည်။ မိမိတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနေသည့် တချိန်တည်းတွင်ပင် တခြားသူများ၏ အခွင့်အရေးများကို မချိုးဖောက်မိစေရန် အထူးသတိထားဖို့ လိုအပ်သည့်အကြောင်းကိုလည်း အင်တာဗျူးတွင် ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏ အမှုဆောင်ဒါရိုက်တာအဖြစ် ဆောင်ရွက်နေသည့် အမျိုးသမီးတဦးက ဆိုသည်။ ထိုအမျိုးသမီးကပင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးနေစဉ်တွင်

---

[၇] Min Khant Kyaw Lin, a male student leader from Yadanarbon University's Student Union, in discussion with researcher

[၈] Kyaw Yee, A male Interview participant from Rakhine state, in discussion with researcher

လည်း မှန်ကန်သည့် သတင်းအချက်အလက်များ ရယူမှု၊ စီးဆင်းမှု၊ ထုတ်ဝေမှုများအပေါ် မထိခိုက်စေရန်လည်း သတိပြုသင့်သည့် အကြောင်းကိုလည်း ထပ်ဆောင်း ဆွေးနွေးထားသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံလူ့အခွင့်အရေးရှုထောင့်မှ ရှုမြင်ခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လိုအပ်ရခြင်း၏ ဒုတိယအကြောင်းအရင်းကို ဖြေဆိုသူအများစုက လူ့အခွင့်အရေး ရှုထောင့်မှနေ၍ အကျယ်တဝင့် ဆွေးနွေးကြသည်။ ဤဆွေးနွေးမှု၏ အဓိက စဉ်းစားချက်မှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟူသည် လူသားတိုင်း မဖြစ်မနေလိုအပ်သည့် လူ့လိုအပ်ချက် သက်သက်မျှသာမကဘဲ ထိုလိုအပ်ချက်ကို နိုင်ငံတော်မှ ဥပဒေများ နည်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်၍ မရှိမဖြစ် အာမခံပေးထားရမည့် အခြေခံလူ့အခွင့်အရေး တရပ်ဖြစ်ကြောင်းကို အသိအမှတ်ပြု ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးကြရာတွင် အများစုမှာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ်တခုကို ကိုးကားဆွေးနွေးလေ့ ရှိကြပြီး ထိုလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ အခြေခံအားဖြင့် လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရန်အတွက် လူတို့၏ မွေးရာပါ လူ့အခွင့်အရေး တရပ်ဖြစ်ကြောင်းကို ထောက်ပြကြသည်။ အင်တာဗျူးတွင် ပါဝင်ဖြေဆိုပေးသည့် အမျိုးသမီးငယ်တဦးဆိုလျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟူသည် မွေးရာပါ လူ့အခွင့်အရေးတရပ်ဖြစ်ကြောင်းကို ဤသို့ ဆွေးနွေးရှင်းပြသည်။

*"ညီမတို့က တယောက်ချင်းစီတိုင်းမှာ မွေးရာပါ လူ့အခွင့်အရေးဆိုတာရှိတယ်ပေါ့နော်။ ညီမတို့ရဲ့ မျက်စိတွေ၊ နားတွေ၊ ပါးစပ်တွေ ကနေပြီးတော့ မြင်ပိုင်ခွင့်၊ ကြားပိုင်ခွင့်၊ ပြောပိုင်ခွင့် ရှိတယ်ပေါ့နော်။ နောက်တခုဆိုရင်လည်း ရေးပိုင်ခွင့် ရှိတယ်ပေါ့နော်၊ ဒါတွေအကုန်လုံး ညီမတို့အတွက် မွေးရာပါအခွင့်အရေးတွေ ဖြစ်တဲ့အတွက်ကြောင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နဲ့ ပတ်သက်လာပြီဆိုရင် ညီမတို့ရဲ့ မွေးရာပါလူ့အခွင့်အရေးလို့ သတ်မှတ်ပါတယ်။"*[၆]

အလားတူပင် ရန်ကုန်တိုင်းမှနေ၍ အင်တာဗျူးတွင် ပါဝင် ဖြေဆိုထားပေးသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းတခုတွင် အလုပ် လုပ်လျှက်ရှိသည့် အမျိုးသားတဦးက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို လူ့အခွင့်အရေးများအနက်မှ အခြေခံအကျဆုံး လူ့အခွင့်အရေး တခုအနေဖြင့် နားလည်သဘောပေါက်ထားသည့်အကြောင်း၊ ထိုလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာတွင် နည်းလမ်းအမျိုးမျိုး ပုံစံအဖုံဖုံဖြင့် ကျင့်သုံးပိုင်ခွင့် ရှိသင့်ကြောင်း ဆွေးနွေးထားသည်။ ထိုသို့ နည်းလမ်းအမျိုးမျိုးဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းဟု ဆိုရာတွင်

[၆] Bon, a female participant from Yangon, interview with researcher

၎င်းက *"ကဗျာတွေ ရေးပြီးတော့ပဲ သွားမလား၊ ရုပ်ရှင်ဗီဒီယိုတွေကနေပဲ သွားမလား၊ ကျွန်တော်တို့ရဲ့ အမြင်တွေကို ဆောင်းပါးရေးတာမျိုးဘက်ကနေပဲသွားမလား စသဖြင့် ထုတ်ဖော်ပြောဆိုခွင့်လို့ ကျွန်တော်နားလည်ထားတယ်"* [၁၀]ဟူ၍ ဆိုသည်။ အင်တာဗျူးတွင် ပါဝင်ဆွေးနွေးသူအများစုက လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အခြေခံ လူ့အခွင့်အရေးတခုအနေဖြင့် လိုအပ်ရသည့် အကြောင်းအရင်းကို လက်ရှိမြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်တပ်က မတရားအုပ်ချုပ် အနိုင်ကျင့်နေသည့် အချိန်ကာလမျိုးတွင် ပို၍ လိုအပ်နေကြောင်းကို သဘောထားမှတ်ချက် ပေးကြသည်။

[၁၀] Pho Cho, a male participant form Yangon, interview with researcher

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံရေးရှုထောင့်မှ ရှုမြင်ခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဓိက လိုအပ်ရခြင်း၏ နောက်ဆုံးအကြောင်းရင်း တရပ်ကို အင်တာဗျူးတွင် ပါဝင်ဆွေးနွေးသူအများစုက နိုင်ငံရေးရှုထောင့်မှ ပြောဆိုဆွေးနွေးထား ကြသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖက်ဒရယ်ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတရပ် တည်ဆောက်ရာတွင် လိုအပ်သည့် နိုင်ငံရေး စံချိန်စံနှုန်းနှင့် နိုင်ငံရေး တန်ဖိုးတရပ်အဖြစ် ရှုမြင် ကြသည်။ နိုင်ငံရေးစံချိန်စံနှုန်းဟုဆိုရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံး၍ နိုင်ငံ၏ နိုင်ငံရေးအဆောက်အဦးများ၊ စီးပွားရေးအဆောက်အဦးများ၊ ပညာရေးအဆောက်အဦး များ စသည့် နယ်ပယ်အသီးအသီးရှိ လိုအပ်နေသည့်အရာများကို ပြောဆိုထောက်ပြဝေဖန်မှုများ ပြုလုပ်နိုင်ခွင့်ရှိခြင်းအားဖြင့် ပိုမိုကောင်းမွန်သည့် အစိုးရတရပ် (သို့မဟုတ်) လူ့အဖွဲ့အစည်းတရပ် တည်ဆောက်နိုင်ကြောင်းကို ယုံကြည်ထားကြကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ဒီမိုကရက် တစ်လူ့အဖွဲ့အစည်းတရပ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ မရှိမဖြစ်လိုအပ်သည့် အခန်းကဏ္ဍ တခုဖြစ်ကြောင်းကို ထောက်ပြကြသည်။ သဘောအားဖြင့် ဒီမိုကရေစီအစိုးရ ကောင်းတရပ် ရွေးကောက်တင်မြှောက်နိုင်ရန်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ ငြင်းခုံ ထောက်ပြခြင်း စသည်အခွင့်အရေးများမှာ အဓိက လိုအပ်ကြောင်းကိုလည်း အလေးနက်ထား ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ်မှ နေ၍အင်တာဗျူးတွင် ပါဝင်ဖြေဆိုသည့် အမျိုးသားတဦးက ဒီမိုကရေစီ အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိခြင်း၏ အရေးကြီးပုံကို *“လွတ်လပ်စွာထုတ်ဖော် တယ်ဆိုတဲ့နေရာမှာ လူတယောက်ကို ကြိုက်လို့ မဲပေးတယ်ဆိုတာကလည်း ကျွန်တော်တို့ ရွေးချယ်လိုက်တာပဲ။ သူ့ကို ယုံကြည်တယ်၊ အားကိုးတယ်ဆိုပြီး ရွေးလိုက်တာပါ။ ကျွန်တော်တို့ရဲ့ ဆန္ဒကို ထုတ်ဖော်ပြသလိုက်တာပဲ။ အဲ့လိုမျိုးရွေးချယ်ခွင့်သာမရှိဘူးဆိုရင် သူ့ကိုကျွန်တော်တို့က မယုံကြည်ဘဲ သူက နိုင်ငံခေါင်းဆောင်အကြီးအကဲ တယောက်ဖြစ်သွားရင် ရှေ့ဆက်လုပ်ရ မယ့်လုပ်ငန်းစဥ်တွေမှာ သံသယစိတ်တွေနဲ့ဘဲ နေသွားရမယ်။ ဥပမာ တယောက်ယောက်က လာဘ်စားမှုတွေဖြစ်နေတယ်ဆိုတာတွေကို ကျွန်တော်တို့က ထုတ်ဖော်ခွင့်မရှိဘူးဆိုရင် ဒီလူ့အဖွဲ့ အစည်းက လုံးဝကို မတိုးတက်တော့ဘူး။ ဖိနှိပ်မှုနဲ့ပဲ သံသရာတွေ လည်နေတော့မယ်။ ဒါကြောင့်*

*ထုတ်ဖော်ပြောဆိုမှုက အရမ်းကို အရေးကြီးတယ်။"* [၁၁] ဟူ၍ နိုင်ငံရေးအားဖြင့် မိမိအား ကိုယ်စားပြုသူ တဦးဦးကို ရွေးချယ်ခြင်းနှင့် စပ်လျဉ်း၍ ဥပမာပေး ဆွေးနွေးထားသည်။

ထိုကဲ့သို့ လူထုကို ကောင်းမွန်စွာ ကိုယ်စားပြုနိုင်မည့် နိုင်ငံရေးခေါင်းဆောင်များအား မှန်ကန်စွာနှင့် လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိနိုင်ရေးနှင့် ပတ်သက်၍ အင်တာဗျူးတွင် ပါဝင်ဖြေဆိုပေးသည့် သတင်းထောက်တဦးကလည်း ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန်အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ အရေးကြီးပုံကို သတင်းမီဒီယာရှုထောင့်မှ ဆွေးနွေးထားသည်မှာ စိတ်ဝင်စားဖွယ်တွေ့ရသည်။ ၎င်း၏ ဆွေးနွေးချက်မှာ ကောင်းမွန်ထိရောက်သည့် ဒီမိုကရက်တစ်အစိုးရတရပ် တည်ဆောက်နိုင်ရေးအတွက် သတင်းအချက်အလက်များမှန်ကန်စွာ စီးဆင်းနိုင်ခွင့်ရှိရန် လိုအပ်ပြီး ထိုသို့ သတင်းအချက်အလက်မှန်ကန်စွာ ရရှိမှသာလျှင် ပြည်သူလူထုအနေနှင့် ထိုမှန်ကန်သည့် အတင်းအချက်အလက်များကို အသုံးပြု၍ ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာတွင် မှန်ကန်ထိရောက်မှုရှိနိုင်မည်ဖြစ်ကြောင်းကို ထောက်ပြထားသည့်အပြင် ခေတ်အဆက်ဆက် သတင်းလွတ်လပ်ခွင့်မရှိခဲ့သည်ကိုလည်း ထောက်ပြထားသည်။ ၎င်းက -

*"ကျွန်တော်တို့က သတင်းသမားတယောက်ဖြစ်တဲ့အတွက် အမြဲတမ်းတွေးရတယ်၊ ရေးရတယ်။ ဟိုးအရင်ကတည်းက မြန်မာနိုင်ငံမှာ သတင်းလွတ်လပ်ခွင့်မရှိခဲ့ဘူး၊ အရင်အစိုးရလက်ထက်မှာလည်း မရှိခဲ့ဘူး။ ခြိမ်းခြောက်တာမျိုးတွေ၊ မရေးဖို့ပြောတာတွေ၊ ရေးရင် တရားစွဲမယ်လုပ်တာ တွေရှိတယ်။ အဲ့ဒီမှာတင် ကျွန်တော်တို့ရဲ့ လွတ်လပ်စွာထုတ်ဖော် ပြောဆိုရေးသားခွင့်က မရှိတော့ဘူးပေါ့။"* [၁၂]

ထို့အတူပင် အင်တာဗျူးတွင် ဝင်ရောက်ဖြေဆိုပေးသည့် ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂမှ ကျောင်းသူတဦးကလည်း ဒီမိုကရက်တစ်လူ့အဖွဲ့အစည်း ခိုင်မာစွာ တည်ဆောက်နိုင်ရေး

[၁၁] David, A male participant from Rakhine, in discussion with researcher

[၁၂] Harry Aung, A male Journalist from Yangon, in discussion with researcher

အတွက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ အရေးပါပုံကို အောက်ပါအတိုင်း ထပ်လောင်း ဆွေးနွေးထားသည်။

*“ပြန်ကြည့်မယ်ဆိုရင် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတခု တည်ဆောက်နိုင်ဖို့ဆိုတဲ့ နေရာမှာ ဒီလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်က မြန်မာနိုင်ငံအနေနဲ့တော့ ပထမဆုံးအရေးကြီးတဲ့ အချက်မှာ ရှိတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာပြည်သူလူထုက နှစ်အတော်ကြာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်က ပျောက်ဆုံးနေတယ်။ အဲ့အတွက်ကြောင့်မို့ မြန်မာပြည်သူ လူထုရဲ့ ဆန္ဒ၊ ပြည်သူတွေရဲ့ ထုတ်ဖော်ခွင့်တွေက ဒီနိုင်ငံရဲ့တိုးတက်မှု အပေါ်မှာလိုအပ်တယ်။ ဥပမာ အခု ဒီမိုကရေစီသွားချင်တယ်ဆိုရင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်ရမယ်။ ကိုယ်လိုအပ်တဲ့ အစိုးရတရပ်ကို ရွေးချယ်နိုင်ခွင့် ရှိရမယ်။”* [၃၃]

တခြားတဘက်တွင်လည်း ဤကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရှိခြင်းအားဖြင့် တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရာတွင် မတူညီသည့် အမြင်သဘောထားများ၊ စိတ်ကူး စိတ်သန်းများ၊ အတွေ့အကြုံများကို ပေါင်းစည်းဖလှယ်ခြင်းဖြင့် အဘက်ဘက်မှ ကြုံတွေ့နေရသည့် ပြဿနာများ၊ အဖြေများကို ရှာဖွေနိုင်ရန်အတွက် အထောက်အကူဖြစ်စေကြောင်းကို အဓိကထားဆွေးနွေးကြသည်။ ထို့သို့ ဆွေးနွေးကြသူများအနက် တဦးမှာ စစ်တပ်အတွင်း Civil Disobedience Movement (CDM) တွင် ပါဝင်လာသူလည်းဖြစ် CDM Movement ကို ပိုမိုအား ကောင်းလာစေရန် တက်ကြွစွာ လှုပ်ရှားဦးဆောင်နေသည့် ဗိုလ်ကြီးတဦးဖြစ်ပြီး ၎င်းအနေဖြင့် စစ်တပ်အတွင်း တာဝန်ထမ်းဆောင်ခဲ့စဉ်အခါက ၎င်းတို့၏ ထင်မြင်ယူဆချက်များကို မျှဝေ နိုးနှောခွင့် မရှိခဲ့ရသည့်အကြောင်းများနှင့် စစ်တပ်အတွင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကို မည့်ကဲ့သို့ ဖိနှိပ်ခံခဲ့ရသည်များကို အင်တာဗျူးတွင် ဆွေးနွေးမျှဝေထားသည်။ ထို့အပြင် ၎င်းက တိုင်းပြည် ပြန်လည်တည်ဆောက်ရေးအတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်၏ လိုအပ်ပုံကို အောက်ပါအတိုင်း ဆွေးနွေးထားသည်။

[၃၃] Yu Wai, a female student leader from Dagon University Student Union, in discussion with researcher

*"အရေးကြီးတဲ့ အခန်းကဏ္ဍတခုကနေ ပါဝင်မှာပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့တွေက နယ်ပယ် အစုံ၊ ဒေသအစုံကနေ အတွေ့အကြုံတွေလည်း အစုံရှိကြတဲ့လူတွေ၊ ဒါကြီးတခုလုံးကို စုပေါင်းပြီးတော့ ကောင်းမွန်တဲ့ နိုင်ငံတော်ကြီးတခုတည်ဆောက်မယ် တည်ထောင်မယ်ဆိုရင် လူတိုင်းက ကိုယ်ကြုံခဲ့ရတဲ့ အမြင်၊ ကိုယ်မြင်ခဲ့ရတဲ့ ရှုထောင့်ကို ထုတ်ဖော်ပြောဆိုခွင့်ရှိရမယ်။ ဒီလို ပြောဆိုခွင့်ရှိမှလည်း မတူတဲ့ဟာတွေ ကျွန်တော်တို့ ညှိနှိုင်းလို့ရမယ်။"* [၁၄]

ဤကဲ့သို့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိခြင်းက မတူညီသည့် အမြင်များစွာကို မျှဝေနိုင်ခွင့် တင်ပြနိုင်ခွင့် ရရှိလာနိုင်ပြီး ထိုမှတဆင့် ဆုံးဖြတ်ချက်များ၊ ကောက်ချက်များ ချမှတ်ရာတွင် အမြင်အယူအဆ အမျိုးမျိုးကို ထည့်သွင်းစဉ်းစား တတ်လာရုံမျှမက ပြဿနာတခုခု အဖြေရှာကြသည့် အချိန်များတွင်လည်း ပြည်သူများ၏ လွတ်လပ်စွာ ပြောဆိုခွင့်များကို ပို၍ ထည့်သွင်းစဉ်းစား ဆုံးဖြတ်လာကြသည့်အတွက် ကောင်းမွန်သည့် နိုင်ငံတခု ပို၍ ဖြစ်လာမည်ကို ယုံကြည်ကြောင်း ထို CDM အရာရှိက ရှင်းပြသည်။

[၁၄] Htet Myat, a CDM soldier from Mandalay, in discussion with researcher

## ဖိနှိပ်မှုများကြားမှ ပုံစံအမျိုးမျိုးဖြင့် ကျင့်သုံးနေရသည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်

အာဏာသိမ်းပြီးသည်နှင့်တပြိုင်နက် အကြမ်းဖက်စစ်တပ်သည် လူထု၏ ဒီမိုကရေစီအခွင့်အရေး များကိုသာမက အခြေခံ လူ့အခွင့်အရေးများကိုပါ ဆက်တိုက်ကျူးလွန် ချိုးဖောက်နေပေသည်။ ထိုအထဲတွင် ၎င်းတို့၏ တရားမဝင်အာဏာသိမ်းမှုကို ဆန့်ကျင်ကန့်ကွက်သည့် လုပ်ရပ်များကို ပုံစံအားဖြင့်သော်လည်းကောင်း၊ နှုတ်အားဖြင့် သော်လည်းကောင်း၊ စာဆောင်းပါးများရေးသား၍သော်လည်းကောင်း ဖော်ပြကြသည့် လှုပ်ရှားမှုများကို စနစ်တကျ ကန့်သတ်ဖိနှိပ်ခြင်းခံနေရကြောင်းကို အင်တာဗျူးတွင် ပါဝင်သူတို့က သုံးသပ်ဆွေးနွေးကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းတွင် အာဏာသိမ်းခံရပြီးနောက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့် အခြေအနေမှာ လုံးဝပင် ပျက်သုဉ်းသွားရကြောင်းကို တညီတညွတ်တည်း မှတ်ချက်ပေးကြသည်။ ဤအကြောင်းကို ရန်ကုန်မှနေ၍ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ အမျိုးသားတဦးကမူ အာဏာသိမ်းပြီးနောက်ပိုင်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ပျောက်ဆုံးသွားရသည်မှာ ၁၀၀ ရာခိုင်နှုန်း အပြည့်ဖြစ်ကြောင်း ဆွေးနွေးသည်။ ၎င်းက *"ဘယ်လိုပျောက်ဆုံးလဲ ဆိုတာကိုတော့ သေချာမရှင်းပြတတ်ဘူး။ ဘာလို့လဲဆိုတော့ အဖြေက ရှင်းနေလို့ပါ။ စစ်တပ်က သူတို့ လုပ်ချင်တိုင်း လုပ်ကြတော့မယ် ဆိုပြီးတော့ ဆုံးဖြတ်လိုက်တဲ့ အချိန်မှာတော့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ဆိုတာသာမက ဘာဖြစ်ဖြစ် ဖမ်းမယ် ဖိနှိပ်မယ် ဆိုတာ လုပ်တာပါပဲ။ မြန်မာနိုင်ငံမှာ အရင်တုန်းက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နည်းနည်းလေး ရှိတယ်ဆိုရင် အခုက လုံးဝ ပျောက်သွားတယ်။ စစ်အာဏာမသိမ်းခင်ကလည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်က ရာနှုန်းပြည့် ရှိခဲ့တာ မဟုတ်ပါဘူး။"*[၁၅] ဟူ၍ အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းပြီးနောက်ပိုင်းနှင့် အာဏာမသိမ်းခင်အခြေအနေများကို နှိုင်းယှဉ်၍ သုံးသပ်ပြသည်။

တချို့မှာလည်း အာဏာသိမ်းခံရပြီးနောက်ပိုင်း၏ လွတ်လပ်စွာထုတ်ဖော်ပြောခွင့် အနေအထားမှာ လျော့ကျလာရသည်သာမက အနှုတ်လက္ခဏာပင် လုံးလုံး ဆောင်နေကြောင်းကို ထောက်ပြကြသည်။[၁၆] ထိုသို့ ထောက်ပြရာ၌ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူများသည် လူမှု

[၁၅] Jon, a male artist from Yangon, in discussion with researcher on ၁၅/၀၈/၂၀၂၃

[၁၆] Ring, a female CDM student from Kachin, in discussion with researcher on ၁၄/၀၈/၂၀၂၃

မီဒီယာအသုံးပြုသူများက ၎င်းတို့၏ ကိုယ်ပိုင်လူမှုမီဒီယာစာမျက်နှာများပေါ်တွင် ရေးတင်သည့် စာသားများကြောင့် ဖမ်းဆီးထိန်းသိမ်းထောင်ချခံကြရသည်ကို ဥပမာပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လုံးဝဥသုံ ကင်းမဲ့နေပြီဖြစ်သည်ကို ထောက်ပြကြသည်။

ထိုသို့ အကြမ်းဖက်စစ်တပ်၏ ဖိနှိပ်မှုမျိုးစုံများကြားမှ ကြံ့ကြံ့ခံရပ်တည်၍ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပုံစံမျိုးစုံဖြင့် ကျင့်သုံးခွင့် ရရှိရန်အတွက် ပြည်တွင်းရှိ တက်ကြွလှုပ်ရှားသူများက ကြိုးပမ်းလျှက်ရှိကြသည်။ ထိုကဲ့သို့ မိမိတို့၏ ထင်မြင်ယူဆချက်များကို အများသိအောင် ထုတ်ဖော်ကြရာတွင် အဓိကအားဖြင့် ပုံစံ သုံးမျိုးခန့် တွေ့ရပြီး (၁) မိမိတို့၏ လူမှုမီဒီယာ စာမျက်နှာများကို အသုံးပြု၍ ရေးသားခြင်း၊ ပြန်လည်မျှဝေခြင်း၊ အခြားသူများ ရေးသားထားသည့် စာများ အကြောင်းအရာများကို ပြန်လည်ဆွေးနွေး မှတ်ချက်ပြုခြင်းများ၊ (၂) သတင်းမီဒီယာများနှင့် သုတေသနအစီရင်ခံစာ အင်တာဗျူးများတွင် မိမိတို့၏ သဘောထားအမြင်များ၊ ယူဆချက်များကို ပါဝင်ဖြေဆိုခြင်း၊ ပေးပို့ခြင်း (သို့မဟုတ်) ကိုယ်ပိုင် ရေဒီယိုစင်တာများ ဖြစ်မြောက်အောင် အားထုတ်ပြီး မိမိတို့၏ (ပြည်သူများ၏) အသံများကို ထုတ်လွှင့်နိုင်အောင် ကြိုးပမ်းခြင်းနှင့် (၃) မိမိတို့၏ သဘောထားအမြင် အယူအဆများကို ယုံကြည်စိတ်ချရသည့် အသိုင်းအဝန်းအတွင်း ပြန်လည်ဆွေးနွေးငြင်းခုန်ခြင်း တို့ဖြစ်သည်။

အစီရင်ခံစာတွင် ပါဝင်ဆွေးနွေးသူအများစုမှာ နိုင်ငံရေးနှင့် ဆက်စပ်၍ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို Facebook ကဲ့သို့သော လူမှုမီဒီယာစာမျက်နှာများကို အသုံးပြု၍ တိုင်းပြည်အတွင်း ဖြစ်ပျက်လျှက်ရှိသော အကြမ်းဖက်မှုများ၊ မတရားဖမ်းဆီးထောင်ချမှုများနှင့်၊ အကြမ်းဖက်စစ်တပ်ကို တော်လှန်ဆန့်ကျင်သည့် အကြောင်းအရာများကို ပြောဆိုလေ့ရှိကြကြောင်း အင်တာဗျူးအတွင်း ဖွင့်ဟဆွေးနွေးကြသည်။ အချို့ကလည်း ထိုသို့ လွတ်လပ်စွာ ပြောဆိုနိုင်မှုကို နေရာ၊ ဒေသလိုက် (ဥပမာ၊ လွတ်မြောက်နယ်မြေတခုခု သို့မဟုတ် မြန်မာပြည် ပြင်ပသို့ ရောက်ရှိသွားကြသူများက ပို၍ လွတ်လပ်စွာထုတ်ဖော် ပြောဆိုနိုင်ခြင်းမျိုး) ကွဲပြားနိုင်သည်ကို ထောက်ပြကြသော်လည်း ပါဝင်ဆွေးနွေးသူများအစုမှာ မဖြစ်မနေ ပြောဆိုရေးသားထောက်ပြရန် လိုအပ်လာပါက ၎င်းတို့ လူမှုစာမျက်နှာများကို အသုံးပြု၍ ထောက်ပြ ပြောဆိုကြကြောင်း ဆွေးနွေးကြသည်။ အာဏာသိမ်းခံရပြီးနောက် ပြည်ပသို့ ထွက်ခွာခဲ့ရသည့် မန္တလေးမှ လူငယ်တဦးက ၎င်း၏

လှုပ်ရှားမှုများကို ဖော်ထုတ်ရာတွင် *"လက်ရှိဆို exile နေရာတနေရာကို ရွှေ့တယ်။ ရွှေ့ပြီးတော့ ကျွန်တော် ပြောဆိုဆွေးနွေးနိုင်တဲ့ အကြောင်းအရာတွေကို အနေအထားတခုမှာ ပြောဆိုနေတုန်းပဲ။ မတရားမှုတခုကြုံလာရင် ကျွန်တော့်ရဲ့ Facebook Account ကနေ ထုတ်ဖော်ပြောဆိုရေးသားဖြစ်တယ်။ ကျွန်တော့်ရဲ့ နိုင်ငံရေးဆိုင်ရာ Channel တွေကနေ တဆင့်လည်း သပိတ်တွေနဲ့ ပတ်သက်တာတွေ၊ ပညာရေးတွေနဲ့ ပတ်သက်တာတွေလည်း အဆင်မပြေတာတွေ တွေ့တဲ့အခါ ပေါ်ပေါ်ထင်ထင် ပြောဖြစ်ပါတယ်"* ဟူ၍ လူမှုမီဒီယာကို အသုံးပြု၍ ၎င်းတို့ ထင်မြင်ယူဆချက်များကို မကြခဏ ထုတ်ဖော်ဖြစ်သည့်အကြောင်းကို ပြောပြသည်။ ဆိုရှယ်မီဒီယာများပေါ်တွင် ရေးသားထုတ်ဝေကြသည့် အကြောင်းအရာအများစုမှာ အကြမ်းဖက်စစ်တပ်၏ မတရားသတ်ဖြတ်ဖမ်းဆီး ဖိနှိပ်နေမှုများကို ဆန့်ကျင့်ရှုတ်ချသည့် အကြောင်းအရာများ ပါဝင်သည်။

တချို့မှာ လူမှုစာမျက်နှာများတွင် မိမိတို့၏ အလုပ်အကိုင်၊ အမှတ်အသား အမှန်တို့ကို ဖော်ပြထားခြင်းမရှိဘဲ၊ မိမိအားကိုယ်စားပြုသည့် သို့မဟုတ် မိမိအား တခြားသူများ မသိနိုင်သည့် ကလောင်နာမည် တခုခုကို အသုံးပြု၍ ၎င်းတို့၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို ကျင့်သုံးနေရကြောင်း ဆွေးနွေးကြသည်။ အင်တာဗျူးတွင် ဝင်ရောက်ပါဝင် ဖြေဆိုသူတဦးက *"စစချင်းတုန်းကတော့ ပထမဦးဆုံး ရှေ့ပိုင်းတွေမှာ ဆန္ဒပြဖြစ်တယ်။ နောက်ပိုင်းကျတော့ အဲလိုမျိုးတွေ လုပ်လို့ မရတော့တဲ့ အခါကျတော့ ပြည်သူအနေနဲ့လည်း လုံခြုံမှု မရှိတော့တဲ့အတွက်ကြောင့် နောက်ကွယ်ကနေ ကိုယ်ရဲ့ အမည်ရင်းကို မသုံးတော့ဘဲ ကလောင်နာမည် တခုနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွေ ပြည်သူတွေရဲ့ လူ့အခွင့်အရေးတွေနဲ့ ပတ်သက်ပြီးတော့ ဆောင်းပါးရေးတာတွေ၊ အင်တာနက်ဖြတ်ခံရတာတွေနဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့ အမြင်တွေ လူငယ်တွေအပေါ် ဘယ်လောက်ထိ သက်ရောက်မှု ရှိနိုင်လဲ၊ ဘယ်ကဏ္ဍတွေ ဘယ်လောက်ထိ ဆုတ်ယုတ်သွားလဲ ဆိုတာနဲ့ ပတ်သက်ပြီး သတင်းဆောင်းပါးရေးတာတွေ ရှိပါတယ်"* [၃၇] ဟူ၍ ၎င်း၏ လှုပ်ရှားနေမှုများကို ပြန်ပြောင်းပြောပြသည်။

စစ်တပ်မှ CDM ဝင်ရောက်လာသည့် ဗိုလ်ကြီး တဦးကလည်း ၎င်းပါဝင်လှုပ်ရှားဆောင်ရွက်နေသည့် ရေဒီယို platform များ၊ ၎င်း၏ လူမှုမီဒီယာစာမျက်နှာများနှင့် သတင်းမီဒီယာများနှင့်

[၃၇] Ring, a CDM student from Kachin State, in discussion with researcher on ၁၄/၀၈/၂၀၂၃

အင်တာဗျူးများ ဖြေဆိုဆွေးနွေးမှုများတွင် စစ်တပ်အတွင်း ကြုံတွေ့ခဲ့ရသည့် ဖိနှိပ်ချုပ်ချယ် ခွဲခြားမှုများအကြောင်း ပို၍ ရေးသားမှုဝေဖြစ်သည့်အကြောင်း ရှင်းပြသည်။ ထိုသို့ ပြောဆိုရာတွင် ၎င်းက တပ်အတွင်းမှ ဖြစ်ပျက်နေသည့် အရာများအားလုံးကို ပြည်သူလူထု မသိရအောင် မည့်ကဲ့သို့တင်းကြပ်ထားသည့် အကြောင်းများနှင့်၊ စစ်သားများနှင့် ပြည်သူလူထု ထိတွေ့ ဆက်ဆံမှု မရှိစေရန်လည်း နည်းမျိုးစုံသုံး၍ ဆောင်ရွက်ထားကြောင်း ရှင်းပြသည်။ *"သူတို့ စစ်တပ်ထဲမှာကိုပဲ အပြင်ကနေ ဝင်လာလို့မရအောင်၊ အပြင်ကိုလည်း ဒီလူတွေ ထွက်ခွင့်မရ အောင်လို့ နည်းမျိုးစုံသုံးပြီးတော့ ဝါဒမှိုင်းတွေကအစ သုံးပြီးတော့ ကန့်သတ်ထားတာမျိုးတွေ၊ ထိန်းချုပ်ထားတာမျိုးတွေ ရှိတယ်။ အဲတော့ ဒီအထဲထဲမှာ တကယ်ဖြစ်ပျက်နေတဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံနေရတဲ့အကြောင်းကိစ္စတွေက ကျွန်တော်တို့လို ထွက်လာတဲ့ လူတွေမှ မပြောရင် ဘယ်သူမှ မသိသေးတဲ့ အကြောင်းအရာတွေ အများကြီး ရှိတယ်"* ဟု ထိုဗိုလ်ကြီးတဦးက တပ်တွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများကို ရှင်းပြသည်။

အကြမ်းဖက်စစ်တပ်၏ မတရားဖိနှိပ်မှုများကို ထုတ်ဖော်ရေးသားသည့် တချိန်တည်း မှာပင် တော်လှန်ရေးဘက်ခြမ်းမှ အားနည်းချက်များနှင့် လိုအပ်ချက်များကိုပါ ထောက်ပြဝေဖန် ကြသည့် အကြောင်းများကိုလည်း ပါဝင်သူများက ဆွေးနွေးထားကြသည်။ ထိုသို့ ထောက်ပြရ ခြင်းမှာ အကြမ်းဖက်စစ်တပ်၏ အာဏာရှင်စနစ်ကို မကြိုက်မနှစ်မြို့သဖြင့် တော်လှန်ရေး လုပ်ငန်းများတွင် ပါဝင်လှုပ်ရှားကြရခြင်းဖြစ်သဖြင့် ထိုကဲ့သို့ အာဏာရှင်စနစ်မျိုး ပြန်လည် မတည်ဆောက်မိစေရန်အတွက်သာ ထောက်ပြဝေဖန်ရခြင်း ဖြစ်သည်ဟူ၍ ဆွေးနွေးကြသည်ကို တွေ့ရသည်။[၁၈] ထိုသို့ ဝေဖန်ထောက်ပြသည့်နည်းတူ တော်လှန်ရေးအင်းအားစုများကို ထောက်ခံ အားပေးသည့် အကြောင်းအရာများကိုလည်း အဓိကအားဖြင့် ရေးသားမှုဝေဖြစ်ကြသည့် အကြောင်းကိုလည်း အင်တာဗျူးသူအများစုက ရှင်းပြကြသည်။

[၁၈] Bon, a female participant from Yangon, in discussion with researcher

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ခြိမ်းခြောက်အန္တရာယ်ပြုသည့် အဓိက အဖွဲ့များ

ဤအစီရင်ခံစာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးကြသည့်အခါ ကြုံတွေ့ကြရသည့် စိန်ခေါ်မှုများနှင့် အန္တရာယ်ပြုခံရမှုများအပြင်၊ ထိုသို့ ကျူးလွန်သည့် အဖွဲ့အစည်းများမှာ မည်သည့် အဖွဲ့အစည်းများ ဖြစ်ကြောင်းကိုလည်း အင်တာဗျူးတွင် ပါဝင်ဖြေဆိုကြသူများမှ ၎င်းတို့၏ အတွေ့အကြုံများအပေါ်အခြေခံ၍ ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးကြရာတွင် အဓိကတုန့်ပြန်သည့် တူညီသော အဖြေများပေါ်တွင် မူတည်၍ အုပ်စုအားဖြင့် လေးစု ခွဲ၍ တင်ပြနိုင်သည်။ ထိုလေးစုအနက် ပထမဦးဆုံး အစုမှာ၊ အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင် ဦးဆောင်သော ပင်မ စစ်တပ်အဖွဲ့အစည်းနှင့် ၎င်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည်။ ဤလက်အောက်ခံအဖွဲ့အစည်းများဟု ဆိုရာတွင် ရဲနှင့် ရဲဌာနများ၊ အကြမ်းဖက်စစ်တပ်၏ အုပ်ချုပ်ရေး ယန္တရားများကို လည်ပတ်နိုင်စေရန် အဘက်ဘက်မှ ပါဝင်ကြပြီး CDM တွင် ပါဝင်ခြင်းမရှိကြသည့် ၎င်းတို့၏ ဝန်ထမ်းများကို ညွှန်းဆိုသည်။ ထိုသို့ ညွှန်းဆိုသည့် အဓိက အကြောင်းအရင်းမှာ စုံစမ်းထောက်လှမ်းမှုများ လုပ်ဆောင်ကြရာတွင် ပါဝင်ကြသည့် သူများကို စစ်သားနှင့် ရဲများသာမက အကြမ်းဖက်စစ်တပ်၏ တခြားသော ဝန်ထမ်းများကပါ ခြိမ်းခြောက်ကြခြင်းကြောင့် ဖြစ်သည်။

*"ရဲတို့ စစ်တပ်တို့ ပေါ့။ အကြမ်းဖက်စစ်တပ် လက်အောက်မှာ ရှိနေတဲ့ ယန္တရားတွေ။ ကျွန်မတို့ ဒီအချိန်မှာတော့ ဘယ်သူမှ အန္တရာယ်ကင်းကြမှာ မဟုတ်ဘူး။"*[၃၉]

ထို့အပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာတွင် အဓိက အန္တရာယ်ပြုခြိမ်းခြောက်သည့် ဒုတိယ အစုအဖွဲ့မှာ အကြမ်းဖက် စစ်တပ်၏ ထောက်ပံ့မှုဖြင့် ရပ်တည်နေသော အဖွဲ့အစည်းများ ဖြစ်သည်။ ထိုအဖွဲ့အစည်းများထဲတွင် အကြမ်းဖက်စစ်တပ်က တိုက်ရိုက်လက်နက် တပ်ဆင်ပေးသည့် ပျူစောထီးကဲ့သို့သော အဖွဲ့များအပြင် (အကြမ်းဖက်စစ်တပ်၏ ငွေကြေးအထောက်အပံ့ဖြင့် ရပ်တည်နေသည်ဟု ယုံကြည်ရသည့်) အကြမ်းဖက်စစ်တပ်၏ ဝါဒဖြန့် မီဒီယာ အဖွဲ့အစည်းများလည်း ပါဝင်သည်။ စစ်တပ်နှင့် ရဲများ ပြီးလျှင် အသက်အန္တရာယ်ကို အဓိကခြိမ်းခြောက်သည့် အဖွဲ့မှာ ပျူစောထီးများဖြစ်သည်ဟု အင်တာဗျူးတွင် ပါဝင်သူ

[၃၉] Esther, a female participant, in discussion with researcher

တဦးက ဆိုသည်။ ၎င်း၏ ပြောကြားချက်အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးသဖြင့် အန္တရာယ်ပြုသည့် အဖွဲ့များအနက် *“အဓိကကတော့ ပျူစောထီးတပ်ဖွဲ့တွေရယ် အကြမ်းဖက်စစ်တပ်ရယ် ရဲတပ်ဖွဲ့တွေရယ် ပေါ့။ ဒါကတော့ မန္တလေးအတွင်းမှာ ဖြစ်နိုင်တဲ့ အဖွဲ့တွေပေါ့။ စစ်တပ်နဲ့ ရဲကတော့ ဖမ်းဆီး စစ်ဆေးတဲ့ ကိစ္စတွေ အဓိက လုပ်လေ့ရှိတယ်။ ဒါပေမယ့် သတ်ရင်တော့ မန္တလေးမှာကတော့ ပျူစောထီး နဲ့တွဲပြီး သတ်လေ့ရှိတယ်။”*[၂၀] ဟူ၍ မန္တလေးတွင်နေသူတဦးက ၎င်းကြုံတွေ့မြင်တွေ့ နေရသည့် အခြေအနေကို အင်တာဗျူးနေစဉ်အတွင်း ရှင်းပြသည်။

နောက်ဆုံး အစုအဖွဲ့မှာ အကြမ်းဖက်စစ်တပ်၏ လုပ်ဆောင်ချက်များကို အားပေးထောက်ခံကြသည့် အစုအဖွဲ့များဖြစ်သည်။ ဤအစုအဖွဲ့များတွင် စစ်ဗိုလ်ချုပ်ဟောင်းအများစုဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု ကြံ့ခိုင်ဖွံ့ရေးနှင့် ဖွံ့ဖြိုးရေးပါတီကဲ့သို့သော ပါတီများ၊ အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ)ကဲ့သို့သော အဖွဲ့များနှင့် အကြမ်းဖက် စစ်တပ်အားထောက်ခံသည့် သူများ ပါဝင်သည်။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ပတ်သက်၍ ပြောဆိုရာတွင် အင်တာဗျူးတွင် ပါဝင်ဆွေးနွေးသူ တဦးက *“ပုတ်ခတ်ပြီး ပြောတာတော့ မဟုတ်ပါဘူး။ အဓိကကတော့ တဖက်က ပါတီ (ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ) ပေါ့။ ပါတီဝင်တွေ။ သူတို့တွေ တောက်လျှောက် ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာလည်း ပုတ်ခတ်ပြီး ပြောဆိုတာတွေရှိသလို အခုလက်ရှိအနေအထားမှာလည်း သူတို့ရဲ့ အဘ (အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်) ခေတ်ဆိုပြီးတော့ ကိုယ့်ထမင်းကိုယ် စားပြီးတော့ စောင့်ကြည့်ပေးတာမျိုးတွေ လုပ်နေကြတာ။ သူတို့ကိုယ်တိုင် သတင်းပေး ဖြစ်နေကြတာ။”*[၂၁] ဟု ၎င်း မြင်တွေ့နေရသည်များကို မျှဝေသည်။ ထို့အပြင် ပါဝင်ဆွေးနွေးသူတချို့ကလည်း အကြမ်းဖက်စစ်တပ်ဘက်ရပ်တည်ထောက်ခံကြသည့် ကျောင်းသားများ၏ ခြိမ်းခြောက်မှုများ ရှိကြောင်းကိုလည်း ထောက်ပြကြသည်။ စစ်ကိုင်းတိုင်းမှ နေ၍ အင်တာဗျူးတွင် ပါဝင်ဖြေဆိုခဲ့သည့် CDM ပြုလုပ်ထားသည့် ကျောင်းသားတဦးက *“ကျွန်တော်က ကျောင်းသားဆိုတော့ ကျောင်းသားရဲ့ ရှုထောင့်က ပြောရမှာပေါ့။ ကျွန်တော်တို့မှာ* အကြမ်းဖက်စစ်တပ် *ထောက်ခံတဲ့ ကျောင်းသားတွေရှိတယ်။ အဲ့ဒီလို*

[၂၀] Min Khant Kyaw Lin, a male participant from Mandalay, in discussion with researcher

[၂၁] Sai Thu, a male member of parliament from Karen State, in discussion with researcher

*လူမျိုးတွေကလည်း ကျွန်တော်တို့ကို ပြန်ပြီး ဖော်ကောင်လုပ်တယ်။ နောက်တခုက အကြမ်းဖက်စစ်တပ်ကို ဆန့်ကျင်တဲ့ post တခုခုမှာ react လုပ်တာဖြစ်ဖြစ် comment ပေးတာဖြစ်ဖြစ် ကိုယ်က profile လည်း lock မချထားဘူးဆိုရင် မသမာတဲ့သူတွေက (အကြမ်းဖက်စစ်တပ်သတင်းပေး) ဒီ account က ဒီလိုမျိုး တွေ လုပ်နေပါတယ်ဆိုပြီး ဖမ်းခိုင်းတာတွေရှိတယ်။ ဆိုတော့ နှစ်ဖွဲ့ရှိနေမှာပေါ့။ လူရင်းတွေထဲက ဒလန်လုပ်တဲ့အဖွဲ့ရယ်၊ အကြမ်းဖက်စစ်တပ်ဘက်ကနေ account တွေနဲ့ လိုက်ပြီး ဒုက္ခပေးတာက တဖွဲ့ပေါ့။”*[၂၂] ဟူ၍ ၎င်း ကြုံရသည့် အတွေ့အကြုံကို ရှင်းပြသည်။

နောက်ဆုံးအစုအဖွဲ့မှာ လက်နက်ကိုင်ထားကြသည့် တခြားတဖက်တွင်လည်း အကြမ်းဖက်စစ်တပ်ကို ဆန့်ကျင်သည့် အချို့အဖွဲ့များဖြစ်သည်။ အချို့အဖွဲ့များဟုဆိုရာတွင် အင်တာဗျူးတွင် ပါဝင်ဖြေသူများက နာမည်တစုံတရာ တပ်ခေါ်ခြင်းမရှိဘဲ လက်နက်ကိုင်ထားသည့် အဖွဲ့အစည်း ဟူသမျှကို ကြောက်ကြရကြောင်း ထောက်ပြကြသည်။ ထိုသို့ ထောက်ပြကြရာတွင် အခြေအနေနှင့် နေရာဒေသအပေါ်တွင် မူတည်ကြောင်းကို ပါဝင်ဖြေဆိုသူတဦးက ဥပမာတခုပေး ဆွေးနွေးထားသည်။ ၎င်း၏ ဥပမာမှာ အကြမ်းဖက်စစ်တပ်က ချုပ်ကိုင်ထားသည့် ဒေသများတွင် နေ၍ တော်လှန်ရေးအင်အားစုများကို ဝေဖန်ပါက တော်လှန်ရေးအင်အားစုများ၏ ခြိမ်းခြောက်မှုများကို ကြုံရနိုင်ကြောင်းနှင့်၊ တော်လှန်အင်းအားစုများ၏ လွတ်မြောက်နယ်မြေများမှ နေ၍ အကြမ်းဖက်စစ်တပ်ကို ဝေဖန်ထောက်ပြပါက စစ်တပ်၏ ခြိမ်းခြောက်အန္တရာယ်ပြုမှုများကို ကြုံရနိုင်ကြောင်း ရှင်းပြသည်။[၂၃] ထို့အတူပင် အချို့ကလည်း လက်နက်ကိုင်ထားကြသည့် အဖွဲ့အစည်း အားလုံးကို သတိထားနေရသည့်အကြောင်း ဆွေးနွေးသည်များလည်း ရှိသည်။ ရခိုင်ပြည်နယ်မှနေ၍ အင်တာဗျူးတွင် ပါဝင်ဖြေဆိုပေးသည် အမျိုးသားတဦးက ၎င်း၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးသည့်အခါ အဖွဲ့အားလုံး၏ အနေအထားကို သတိထားနေရသည့် အကြောင်း အောက်ပါအတိုင်း ရှင်းပြထားသည်။

---

[၂၂] Kaung Myat, a male CDM student from Sagaing, in discussion with researcher

[၂၃] Nyan Hein, a male participant, in discussion with researcher

*“တိုတိုတုတ်တုတ် ပြောရမယ်ဆိုရင်တော့ လက်နက်ကိုင်ထားတဲ့ လူတွေအကုန်လုံးပါပဲ။ အကြမ်းဖက်စစ်တပ် တင်မဟုတ်ဘူး ကျန်တဲ့ လက်နက်ကိုင်ထားတဲ့ သူတွေလည်း အဲလို လုပ်မှာပဲ။ အခုက အခုကာလမှာ ထုတ်ဖော်ပြောဆိုခဲ့သည့်ရှိသော် အကြမ်းဖက်စစ်တပ် တင်မကဘူး တခြားလက်နက်ကိုင်တွေပါ အန္တရာယ် ပေးနိုင်ပါတယ်။”*[၂၄]

[၂၄] David, a male participant from Rakhine, in discussion with researcher

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအပေါ် အကြမ်းဖက်နည်းသုံး၍ ဖိနှိပ်အရေးယူမှုများ

ဤကဏ္ဍတွင် ဖော်ပြသွားမည့် အကြောင်းအရာနှင့်တွေ့ရှိချက်များမှာ ၂၀၂၁ အာဏာသိမ်းပြီးချိန်မှ စတင်၍ သတင်းမီဒီယာများပေါ်တွင် ဖော်ပြခဲ့ကြသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တိုက်ရိုက်ချိုးဖောက်ခံထားရသည့် သတင်းများအပေါ် အခြေခံ၍ အသံအဖွဲ့မှ ရရှိထားသော အချက်အလက်များအရ အဓိကထား ဆွေးနွေးသွားမည်။ ထိုသို့ ဆွေးနွေးရာတွင်လည်း ရရှိထားသည့် သတင်းအချက်အလက်တခုတည်းတွင်သာ အခြေခံခြင်းမျိုး မဟုတ်ဘဲ၊ ဤအစီရင်ခံစာအတွက် ပြုလုပ်ခဲ့သည့် အင်တာဗျူးများမှ ပါဝင်ဆွေးနွေးသူတို့၏ ဆွေးနွေးထားများကိုလည်း ပေါင်းစပ်ပြီး ရရှိလာသည့် တွေ့ရှိချက်များကို ပြန်လည် တင်ပြ သွားပါမည်။

ရှေးဦးစွာ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုများအပေါ် အကြမ်းဖက်စစ်တပ်၏ စနစ်တကျ ဖိနှိပ်ကန့်သတ်အရေးယူမှုများ ပြုလုပ်နေကြရခြင်းအကြောင်းရင်းများအပေါ် အင်တာဗျူးတွင် ပါဝင်ကြသူများ၏ ဆန်းစစ်သုံးသပ်ချက်များအရ တွေ့ရှိရသည့် အဓိက အကြောင်းရင်းခံ နှစ်ရပ်ရှိသည်။ ထိုအကြောင်းရင်းခံ နှစ်ခုအနက်၊ ပထမတခုမှာ အကြမ်းဖက်စစ်ခေါင်းဆောင်များနှင့် ၎င်းတို့စစ်တပ်မှ ကျူးလွန်ထားသော မတရားမှုများကို ပြည်သူလူထုများနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းများထံ ပေါက်ကြားသွားမည်ကို မလိုလားသောကြောင့်ဖြစ်သည်။ အထူးသဖြင့် "စစ်တပ်အနေဖြင့် အမှန်တရားများကို ဖုံးကွယ်ထားလို၍" ဖြစ်ကြောင်း အင်တာဗျူးတွင် ပါဝင်ဖြေဆိုသည့် ရခိုင်ပြည်မှ အမျိုးသားတဦးက သဘောထားမှတ်ချက်ပြုသည်။ ထိုသို့ ဖုံးကွယ်နိုင်ရန် ၎င်းတို့၏ လုပ်ရပ်များကို ဖော်ထုတ်သည့် သာမန်အရပ်သားပြည်သူ တဦးဦးက ဖြစ်စေ၊ တက်ကြွလှုပ်ရှားသူများက ဖြစ်စေ၊ လူထု၏ အမြင်ကို လွှမ်းမိုးပြောင်းလဲနိုင်စွမ်းရှိသည့် နာမည်ရှိ လူတဦးဦးကဖြစ်စေ ထောက်ပြပြောဆိုရေးသားလျှင် ထိုသူများကို အဓိကထား၍ ဖမ်းဆီးအရေးယူပြလေ့ရှိသည်။ ထိုကဲ့သို့ ဖမ်းဆီးအရေးယူပြရခြင်းအကြောင်းအရင်းမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အသုံးပြု၍ ၎င်းတို့ကျူးလွန်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မတရားဖမ်းဆီးနှိပ်စက်မှုများကို ရေးသားပြောဆိုခြင်းဖြင့် ၎င်းတို့အား ဆန့်ကျင်လှုပ်ရှားသည့် လုပ်ဆောင်မှုများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ခြင်း မရှိစေရန်ဖြစ်သည်။[၂၅] သဘော

[၂၅] Esther, a female student leader from Dagon University Student Union, in discussion with researcher

အားဖြင့် ၎င်းတို့အား ဆန့်ကျင်ကန့်ကွက်သည့် အကြောင်းအရာများကို ရေးသားပြောဆိုသည့် သူများအား ဖမ်းဆီးချုပ်နှောင်ခြင်းဖြင့် တခြားသူများအား နှုတ်ဆိတ်သွားစေရန် လုပ်ဆောင်ခြင်း မျိုးဖြစ်သည်။ ထိုသို့ လုပ်ဆောင်ပုံကို ပါဝင်ဖြေဆိုသူတဦးက ၎င်းတို့၏ မြို့တွင် အလားတူဖြစ်ရပ် မျိုးဖြစ်ခဲ့ပုံကို အောက်ဖော်ပြပါအတိုင်း ပြန်လည် ပြောပြထားသည်။

*"ကျွန်တော်တို့ မန္တလေးမှာဆို နာမည်ကြီး မုန့်ဟင်းခါးဆိုင်ပိုင်ရှင်က မနက်ဖြန် Silent Strike ဖြစ်လို့ ဆိုင်ပိတ်မှာကို သွယ်ဝိုက်ပြီး တင်လိုက်လို့ လက်ရှိမှာ ၅၀ ည နဲ့ ထောင်ထဲမှာ တရား ရင်ဆိုင်နေရတယ်။ ပြောချင်တာကတော့ သူတို့ရဲ့ ဝါဒချင်းယှဉ်တဲ့ တိုက်ပွဲမှာ ဝါဒခြင်း မတူတဲ့ သူတွေကို အမြစ်ဖြတ်ရမယ်ဆိုတဲ့ပုံနဲ့ သွားတယ်ပေါ့။"*[၂၆]

ထိုဖြစ်စဉ်မှာ အာဏာသိမ်းမှု နှစ်နှစ်မြောက်သည့် နေ့တွင် အာဏာသိမ်းမှုကို ဆန့်ကျင် ဆန္ဒပြသည့်အနေဖြင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် အသံတိတ်သပိတ် (Silent Strike) ပြုလုပ်ခြင်း ဖြင့် ဆိုင်များ ရုံးများပိတ်၍ လှုပ်ရှားသည့်နေ့ ဖြစ်သည်။ ၎င်းလှုပ်ရှားမှုကို သဘောထား ထောက်ခံမှု ပြသ သဖြင့်ဟုဆိုကာ နောက်တနေ့တွင် ထို မုန့်ဟင်းခါးဆိုင်ရှိ ဆိုင်ဝန်ထမ်းများအား စစ်ဝတ်စုံ အပြည့်ဝတ်ထားသည့် စစ်သား ၁၀ ယောက်ခန့်က လက်နက်များဖြင့် ချိန်ရွယ်ကာ အကြမ်းဖက် ရိုက်နှက်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့သည် (ထို ရုပ်သံဖိုင်ကို Mandalay Press Media ၏ Facebook စာမျက်နှာပေါ်တွင် တင်ထားပြီး ဖော်ပြပါ လင့် ကို ကြည့်ရန် နှိပ်ပါ)။ ဧရာဝတီသတင်းဌာန၏ ဖော်ပြထားချက်အရ ထိုမုန့်ဟင်းခါးဆိုင်ကဲ့သို့ အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းမှုကို ဆန့်ကျင်လှုပ်ရှားသည့် အသံတိတ်သပိတ်တွင် ပါဝင်ထောက်ခံကြသဖြင့် အကြမ်းဖက်စီးနင်းခံရ သည့် ဆိုင်များထဲတွင် ထိုးမုန့်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ ဖိနပ်ဆိုင်များနှင့် ဖက်ထမင်းဆိုင်များ လည်း ပါဝင်သည်။[၂၇]

---

[၂၆] Min Khant Kyaw Lin, a male participant from Mandalay, in discussion with researcher

[၂၇] ဧရာဝတီ. "အသံတိတ်သပိတ်ကို ထိတ်လန့်သဖြင့် ဆိုင်ဖွင့်ရန် အကြမ်းဖက်စစ်တပ်က ခြိမ်းခြောက် လက်မှတ်ထိုးခိုင်းနေ," January ၃၁, ၂၀၂၂. https://burma.irrawaddy.com/news/၂၀၂၂/၀၁/၃၁/၂၄၉၄၅၂.html.

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် အခွင့်အရေးကို ကျင့်သုံး၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုသူများအား စနစ်တကျ ဖိနှိပ်ကန့်သတ် အရေးယူပြရခြင်း၏ ဒုထိယ အကြောင်းအရင်းခံမှာ လူထုအတွင်း အကြောက်တရားလွှမ်းမိုး၍ အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှုများကို ဆန့်ကျင်သည့် လှုပ်ရှားမှုများကို ဖိနှိပ်ကန့်သတ်နိုင်ရန်သာမက ထိုအကြောက်တရားကို အသုံးပြု၍ ၎င်းတို့၏ အုပ်ချုပ်မှုလုပ်ငန်းများကို စနစ်တကျ တည်ဆောက်နိုင်ရန်လည်း ပါဝင်သည်။ အကြောင်းမှာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်လိုက်ခြင်းအားဖြင့် ၎င်းတို့၏ ဖြစ်တည်မှု (ဖြစ်တည်ရှိမှုဟု ဆိုရာ၌ ၎င်းတို့ အခမ္ဘလုယူထားသည့် နိုင်ငံတော် အာဏာ၊ ၎င်းတို့ ကိုင်စွဲထားသည့် နိုင်ငံရေး/လူမှုရေး အယူအဆများ) ကို လူထုအတွင်း ထောက်ပြပြောဆိုမှုများကို လျော့ကျသွားမည် (သို့) ရပ်တန့်သွားမည်ဟု အကြမ်းဖက်စစ်အုပ်စုက ယူဆထားကြပေမည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုနိုင်သည့် အခွင့်အရေးများကို ကြီးလေးသည့် ပြစ်မှုပြစ်ဒဏ်များဖြင့် ကန့်သတ်လိုက်ခြင်းအားဖြင့် ထို့အခွင့်အရေးကို ကျင့်သုံး၍ နိုင်ငံအတွင်းဖြစ်ပျက်နေသည့် ဖြစ်ရပ်များကို ထုတ်ဖော်ပြောဆိုရေးသားကြရန် ကြောက်ရွံ့သွားမည်ဟု အကြမ်းဖက်စစ်အုပ်စုဘက်မှ ယူဆထားကြသည့် အကြောင်းကို အင်တာဗျူးတွင် ပါဝင်ဆွေးနွေးသည့် အမျိုးသားတဦးက မှတ်ချက်ပြုသည်။[၂၈]

*"သူတို့ကို ဆန့်ကျင်တဲ့ သပိတ်တွေ၊ campaign တွေကို ကြမ်းကြမ်းတမ်းတမ်းဖြိုခွင်းတယ်။ သူတို့ရဲ့ ဝါဒဖြန့်မှုတွေကို (MWD, MRTV တို့ကနေ ကြေညာတာတွေ ထုတ်ပြန်တာတွေ) ကို သိတဲ့သူတွေက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတာတွေကို ပိုပြီး ကြမ်းကြမ်းတမ်းတမ်း ဖိနှိပ်တယ်လို့ မြင်ပါတယ်။ သူတို့ (အကြမ်းဖက်စစ်အုပ်စု)ကို ဆန့်ကျင်နေတဲ့ သူတွေရဲ့ အသံကို ထပ်ထွက်မလာအောင် လုပ်ခြင်းအားဖြင့် သူတို့ရဲ့ မမှန်မကန် ဝါဒဖြန့်မှုကို ပိုပြီးထိရောက်စေချင် ယုံကြည်စေချင်တာလို့ မြင်တယ်။ ပြည်သူတွေသာ ဒီလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဆက်ကျင့်သုံးနေမယ်ဆိုရင် သူတို့ရဲ့ ဝါဒဖြန့်မှုတွေနဲ့ သူတို့ရဲ့ လုပ်ငန်းတွေဟာ မအောင်မြင်နိုင်ဘူး။"*[၂၉]

[၂၈] Nyan Hein, a male participant from AJMM, in discussion with researcher

[၂၉] Ma Khine, a female CDMer, in discussion with researcher

ဤအကြောင်းများကြောင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆိုသည့် လူ့အခွင့်အရေးသည် အကြမ်းဖက်စစ်အုပ်စုများ၏ အကြောက်ဆုံးသော ကိစ္စရပ်တခု ဖြစ်သည်။ ထို့ကြောင့် ဤလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ဖိနှိပ်ရန် ကြီးလေးသည့် ဥပဒေမျိုးစုံသုံး၍ ဖမ်းဆီးအရေးယူမှုများကို အာဏာသိမ်းပြီးချိန်မှစ၍ အစဉ်တစိုက် ပြုလုပ်ခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်သည်။ ရန်ကုန်တိုင်းမှနေ၍ အင်တာဗျူးတွင် ပါဝင်သူတဦး၏ ဆွေးနွေးချက်အရဆိုလျှင် မိမိတို့၏ ထင်မြင်ယူဆချက်များကို ရေးသားမိ၍ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်စစ်အုပ်စုမှ အရေးယူလုပ်သည့် လုပ်ရပ်များမှာ မည်သည့်အကြောင်းနှင့်မျှ တရားဥပဒေနှင့် ညီသည့် လုပ်ရပ်မဟုတ်သည်ကို ထောက်ပြသည်။

*“ကြီးလေးတဲ့ ဥပဒေတွေနဲ့ ကျင့်သုံးပြီး ဖိနှိပ်နေတယ်လို့တောင် ပြောဖို့ခက်ပါတယ်။ သူတို့ဖိနှိပ်နေတဲ့ ကိစ္စက တရားဥပဒေမဲ့ ကိစ္စဖြစ်တယ်။ ဘာလို့ဆို လုပ်ပိုင်ခွင့်အာဏာကို ပြည်သူလူထုက မပေးထားဘူး။ ပြည်သူလူထုတွေကို ဥပဒေမဲ့ ဖမ်းဆီးတယ်၊ အနိုင်ကျင့်တယ်၊ အဆုံးစွန်သတ်ပစ်တဲ့အထိ ဖြစ်တယ်။ ဘာလို့ဆို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်က တင်းကြပ်စွာ နိုင်ငံကို ထိန်းချုပ်ချင်တဲ့ အာဏာရှင်တွေရဲ့ အကြောက်ဆုံး အကြောင်းအရာတခုဖြစ်တာကိုး။ မျက်စိပိတ်နားပိတ် ဖြစ်တဲ့သူတွေကိုပဲ သူတို့က အုပ်ချုပ်ချင်တဲ့အတွက် ဥပဒေမဲ့ နှိပ်ကွပ်တယ်လို့ပဲ ကျွန်တော်မြင်တယ်။”*[၃၀]


အောက်ဖော်ပြပါ ဇယား (၅) ရှိ ကိန်းဂဏန်းများမှာ မိမိတို့၏ လွတ်လပ်စွာ ထုတ်ဖော်ရေးသား ပြောဆိုခွင့်နှင့်အတူ ဖန်တီးခွင့်များကို ကျင့်သုံးယုံမျှဖြင့် အကြမ်းဖက်စစ်အုပ်စုများ၏ မတရားဖမ်းဆီးခြင်းကို ခံခဲ့ကြရသည့် နယ်ပယ်အသီးသီးမှ လူများ၏ စာရင်းဖြစ်သည်။ အသံအဖွဲ့မှ ပြုစုကောက်ယူထားသည့် စာရင်းများအရ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးသဖြင့် အများဆုံးအဖမ်းဆီးခံရသည့် အစုအဖွဲ့မှာ သာမန် ပြည်သူအများစုဖြစ်ပြီး အာဏာသိမ်းပြီးချိန်မှစ၍ ယနေ့အထိ အဖမ်းဆီးခံခဲ့ရသည့် စုစုပေါင်း လူဦးရေ (၁၆၀) ဦး ရှိသည်။ ထိုသူ အများစုမှာ ၎င်းတို့၏ ဆိုရှယ်မီဒီယာ စာမျက်နှာပေါ်တွင် ရေးသားသော အကြောင်းအရာများကြောင့် အဓိကထား ဖမ်းဆီးခြင်း ခံခဲ့ကြရသည်ကို တွေ့ရသည်။ ထိုအကြောင်းအရာများမှာ အကြမ်းဖက်

[၃၀] Pho Cho, a male participant who works in a civil society organization, in discussion with researcher

စစ်တပ်ကို ဝေဖန်ရေးသားသည့် စာများနှင့် ပြောစကားများ၊ အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသည့် ဓာတ်ပုံများ ဗီဒီယိုများကို ပြန်လည်မျှဝေထားခြင်းများ၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ထောက်ခံပြောဆိုရေးသားသည့် အကြောင်းအရာများ စသည့် လုပ်ဆောင်ချက်များ ကြောင့် ဖမ်းဆီးထိန်းသိမ်းခံကြရသည်။

ဤကဲ့သို့ ဖမ်းဆီးရာတွင် အကြမ်းဖက်စစ်တပ်သည် လူထု၏ အမြင်သဘောထားများအပေါ် လွှမ်းမိုးနိုင်သည့် အနုပညာရှင်များ (ဥပမာ - ဒါရိုက်တာများ၊ သရုပ်ဆောင်များ၊ တေးရေးတေးဆိုများ စသည်) ကိုလည်း အဓိကထား ဖမ်းဆီးခဲ့သည်ကို တွေ့ရသည်။ လက်ရှိအချိန်ထိ (အာဏာသိမ်းပြီးချိန်မှသည် ဇူလိုင် ၂၀၂၃အထိ) ပြုစုကောက်ယူထားသည့် စာရင်းများအရ ဖမ်းဆီးခံခဲ့ကြရသည့် အနုပညာရှင် စုစုပေါင်း ၁၃ ဦးအထိ ရှိနေပြီး ၎င်းတို့အများစုမှာ လူမှုမီဒီယာစာမျက်နှာပေါ်တွင် တင်သည့် စာများ၊ ဓာတ်ပုံများကြောင့် အကြမ်းဖက်စစ်တပ်၏ ဖမ်းဆီးခြင်းကို ခံခဲ့ကြရခြင်းဖြစ်သည်။ ၎င်းနောက် တတိယအများဆုံး ဖမ်းဆီးခံကြရသည့် အစုအဖွဲ့မှာ ကိုယ်ပိုင်တနိုင်တပိုင်လုပ်ငန်းများကို လုပ်ကိုင်နေကြသူများဖြစ်သည်။ ထိုသူများထဲတွင် စားသောက်ဆိုင်ပိုင်ရှင်များ၊ လက်ဖက်ရည်ဆိုင်ပိုင်ရှင်များ၊ ဆေးဆိုင်ပိုင်ရှင်များ၊ မိတ္တူဆိုင်ပိုင်ရှင်များ စသူတို့ဖြစ်ကြပြီး စုစုပေါင်း ၁၁ ဦးအထိ ရှိထားသည်။ ၎င်းနောက် လွတ်လပ်စွာပြောဆိုခွင့်နှင့် တိုက်ရိုက်ဆက်စပ်၍ ဖမ်းခံရသူများမှာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြပြီး (၉) ဦးအထိရှိသည်ကို တွေ့ရသည်။ တဦးချင်းအနေဖြင့်လည်း ကျောင်းသားများ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ထွေအုပ်ရုံးမှ ဝန်ထမ်းများ၊ NLD ပါတီမှ ပါတီဝင်များစသဖြင့် အသီးသီး အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီးခြင်းကို ခံကြရသည်များလည်း ရှိသည်။


*ဇယား (၅) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကြောင့် ဖမ်းဆီးခံရသူများ*




ဇယား (၆) တွင် ပေါ်ပြထားသည်မှာ အာဏာသိမ်းခံရပြီးနောက် ကြုံတွေ့နေရသည့် ဖမ်းဆီးနှိပ်စက်အရေးယူမှုများ၊ နိုင်ငံရေးနှင့်ဆက်စပ်၍သော်လည်းကောင်း အထွေထွေအကျပ်အတည်းများနှင့် ဆက်စပ်၍သော်လည်းကောင်း မိမိတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုရေးသားမိ၍ အရေးယူခံရမှုများ၊ အာဏာသိမ်းမှုများကို ဆန့်ကျင်ဆန္ဒထုတ်ဖော်သည့် အသံတိတ်သပိတ်များ၊ ပန်းသပိတ်များကို မိမိတို့၏ လူမှုမီဒီယာစာမျက်နှာများတွင် ထုတ်ဖော်ရေးသားသဖြင့် ဖမ်းဆီးခံခဲ့ကြရသည့် သူများကို ပြည်နယ်နှင့် တိုင်းအလိုက် ဖော်ပြထားခြင်း ဖြစ်သည်။ ဇယားအရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးသဖြင့် အဖမ်းဆီးခံခဲ့ကြရသည့် စုစုပေါင်း ဦးရေမှာ (၂၀၂) ဦးအထိ ရှိခဲ့ပြီး အများဆုံး အဖမ်းဆီးခံရသည့် ဒေသမှာ ဧရာဝတီတိုင်း ဖြစ်သည်။ ကောက်ယူရရှိထားသည့် စာရင်းအရ ဧရာဝတီတိုင်းတွင် အရပ်သားပြည်သူ (၆၄) ဦးအထိ ဖမ်းဆီးခံထားရသည်ကို တွေ့ရသည်။ ရန်ကုန်တိုင်းအတွင်းမှာ ဖမ်းဆီးခံရသည့် အရပ်သားစာရင်းမှာလည်း (၃၉) ဦးအထိ ရှိနေသည်ကိုတွေ့ရသည်။ ၎င်းနောက် ကချင်ပြည်နယ်တွင် (၁၇) ဦး၊ မန္တလေးတိုင်းတွင် (၁၃) ဦး၊ ရှမ်းပြည်နယ်တွင် (၁၃) ဦး၊ မကွေးတိုင်းတွင် (၁၁) ဦး စသည်ဖြင့်

အသီးသီး အကြမ်းဖက်စစ်တပ်၏ မတရားဖမ်းဆီး၊ နှိပ်စက်ခံထားကြရသည်။ ဤဇယားတွင် ထူးခြားသည်မှာ ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်တို့တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သက်ဆိုင်၍ ဖမ်းဆီးခံထားရသည်များကို သတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့သည့် သတင်းများ မတွေ့ခဲ့ရပါ။ ထိုသို့ တွေ့ရှိကောက်ယူနိုင်ခြင်း မရှိသဖြင့် ကရင်ပြည်နယ်နှင့် ကရင်နီပြည်နယ်ရှိ ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်ခံရသည့် ဖြစ်စဉ်ဖြစ်ရပ်များ မရှိဟု မဆိုလိုနိုင်ပါ။ ဤစာရင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သီးသန့် သက်ဆိုင်သည့် စာရင်းများသာဖြစ်ပြီး အရပ်သားများ ဖမ်းဆီးခံရသည့် စုစုပေါင်းဦးရေမှာ ဤဖော်ပြထားသော စာရင်းထက် အဆများစွာ ရှိသည်။

*ဇယား (၆) တိုင်းနှင့် ပြည်နယ်အလိုက် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့်အတွက် အဖမ်းခံရသူဦးရေ*



*ဇယား (၇) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသည့်အတွက် အဖမ်းခံရသူများအပေါ် အရေးယူမှု အခြေအနေ*

| စဉ် | အရေးယူမှုအခြေအနေ | အမှုများ |
|---|---|---|
| ၁ | ဖမ်းဆီးခံရအပြီး တရားရင်ဆိုင်နေရသူများနှင့် စီရင်ချက်ချခံရသူ | ၈၅ |
| ၂ | ဖမ်းဆီးခြင်းခံခဲ့ရသူများ | ၁၀၉ |
| ၃ | ဖမ်းဆီးခံရအပြီး သေဆုံးသွားသူများ | ၄ |
| ၄ | ဝရမ်းထုတ်ခံထားရသူများ | ၃ |
| ၅ | ညှင်းပမ်းနှိပ်စက်ခံရသူများ | ၁ |
| | စုစုပေါင်း | ၂၀၂ |


အကြမ်းဖက်စစ်တပ်သည် ၎င်းတို့ ဖမ်းဆီးထိန်းသိမ်းထားသော ဝရမ်းထုတ်ခံရသူအပါအဝင် (၂၀၂) အနက်မှ စုစုပေါင်း (၆၀) ဦးကိုသာ အပြီးသတ် အမှုစီရင်ထားပြီး၊ အမှုရင်ဆိုင်နေရဆဲ စုစုပေါင်း (၂၅) ဦးရှိသည်။ ထို့အပြင် မည်သည့်အမှုမှ မရင်ဆိုင်ရသေးဘဲ ဖမ်းဆီးထိန်းသိမ်းခံရသူ စုစုပေါင်း (၁၀၉) ဦးအထိ ရှိနေသည်။ အဆိုးဆုံးမှာ မိမိတို့၏ ထင်မြင်ယူဆချက် အတွေးအခေါ်များကို ထုတ်ဖော်ပြောဆိုရေးသားမှုကြောင့် ဖမ်းဆီးခံရပြီး အသတ်ဆုံးရှုံးခံရသူ လေးဦးအထိ ရှိခဲ့သည်။ ထိုလေးဦးအနက် နှစ်ဦးမှာ အကြမ်းဖက်စစ်တပ်၏ စစ်ကြောရေးစခန်းတွင် ညှဉ်းပမ်းနှိပ်စက်မှုကြောင့် သေဆုံးသွားကြရသည်။ ထိုသို့ အရပ်သားပြည်သူများကို ဖမ်းဆီး၍ တရားစွဲဆိုမှုများပြုလုပ်ရာတွင် အကြမ်းဖက်စစ်တပ်ဘက်မှ အဓိကထားအသုံးပြုသည့် ဥပဒေပုဒ်မများအနက် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) မှာ အကြိမ်ရေအများဆုံးဖြစ်ပြီး မီဒီယာများမှဖော်ပြထားသည့် သတင်းများကို ကောက်ယူရရှိထားသည့် အချက်အလက်များအရ အနည်းဆုံး ၂၄ ကြိမ်အထိရှိပြီး လက်တွေ့တွင် ဤအကြိမ်အရေအတွက်ထက်မက အဆများစွာ ရှိနိုင်သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ဖိနှိပ်ရန် အခြား သီးသန့်အသုံးပြုသော ဥပဒေပုဒ်မများလည်းရှိပြီး ၎င်းတို့မှာ အကြမ်းဖက်မှုတိုက်ဖက်ရေးဥပဒေ ပုဒ်မ ၅၂ (က)၊ အကြမ်းဖက်မှုတိုက်ဖက်ရေးဥပဒေ ပုဒ်မ ၅၂ (ည)၊ အကြမ်းဖက်မှုတိုက်ဖက်ရေးဥပဒေ ပုဒ်မ ၅၀ (ည)၊ အီလက်ထရွန်းနစ် ဆက်သွယ်

ရေးဥပဒေပုဒ်မ ၃၃ (က) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ စသည့် ဥပဒေပုဒ်မများလည်း ပါဝင်သည်။

## အာဏာသိမ်းမှုကိုဆန့်ကျင်သည့် ဆန္ဒထုတ်ဖော်ပြသမှုများအပေါ်တွင် အကြမ်းဖက်အရေးယူမှုများ


အသံအဖွဲ့မှ ပြုစုကောက်ယူထားသော စာရင်းများအရ အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများအား တရားမဝင် အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒထုတ်ဖော်ပြသနေစဉ်အတွင်း အင်အားသုံးအကြမ်းဖက်၍ (ဆန္ဒပြပွဲများကို ကားများဖြင့်တိုက်၍ ဖြိုခွဲခြင်းများ) မတရားဖမ်းဆီးထားသော အရေအတွက်များဖြစ်သည်။

*ဇယား (၈) ဆန္ဒပြစဉ်အတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများစာရင်း*





*မှတ်ချက် - ဝေမိုးနိုင်၏ ရှေ့နေတဦးသည် အကြမ်းဖက်စစ်တပ်၏ ဝရန်းထုတ်ခံထားရပြီး လက်ရှိတွင် တိမ်းရှောင်လွတ်မြောက်လျက်ရှိနေသေးသည်။*

ဇယား (၉) ထိန်းသိမ်းခံရသူများ၏ ကျား/မ




ဇယား (၁၀) ဆန္ဒပြသည့်အတွက် တိုင်းနှင့် ပြည်နယ်အလိုက် ဖမ်းဆီးခံရသူဦးရေ



*ဇယား (၁၁) ဆန္ဒပြသည့်အတွက် အဖမ်းခံရသူများအပေါ် အရေးယူမှု အခြေအနေ*


| စဉ် | အခြေအနေ | အမှုအရေအတွက် |
|---|---|---|
| ၁ | ဖမ်းဆီးထိန်းသိမ်းခံထားခြင်း | ၈၂ |
| ၂ | တရားစွဲဆိုခံထားရခြင်း | ၁၆ |
| ၃ | ပြစ်ဒဏ်ချမှတ်ခံရခြင်း | ၆၂ |
| ၄ | သတ်ဖြတ်ခံရခြင်း | ၁ |
| | စုစုပေါင်း | ၁၆၁ |

*ဇယား (၁၂) တရားစွဲဆိုခံရသည့် ဥပဒေပုဒ်မများနှင့် အမှုများ*

| စဉ် | ဥပဒေပုဒ်မများ | တရားစွဲဆိုခံရသည့်အမှု အရေအတွက် |
|---|---|---|
| ၁ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(က) | ၄၉ |
| ၂ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) | ၁၅ |
| ၃ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က) | ၁၁ |
| ၄ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က | ၁၀ |
| ၅ | မတရားအသင်းဆက်သွယ်ရေးဥပဒေပုဒ်မ ၁၇(၁) | ၁၀ |
| ၆ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅(ခ) | ၁ |
| ၇ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅ | ၁ |
| ၈ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၄၈ | ၁ |
| ၉ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၅ | ၁ |
| ၁၀ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၂၀ | ၁ |
| ၁၁ | ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၆၈ | ၁ |
| ၁၂ | သွင်းကုန်ထုတ်ကုန်ဥပဒေပုဒ်မ ၈ | ၁ |
| ၁၃ | လက်နက်ကိုင်ဆောင်ရေးဥပဒေပုဒ်မ ၁၉ | ၁ |
| ၁၄ | အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ | ၁ |
| ၁၅ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည)(က) | ၁ |

| စဉ် | ဥပဒေပုဒ်မများ | တရားစွဲဆိုခံရသည့်အမှု အရေအတွက် |
|---|---|---|
| ၁၆ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဈ) | ၁ |
| ၁၇ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ဂ) | ၁ |
| ၁၈ | အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀ | |
| **၁၉** | အတည်မပြုနိုင် | ၉၆ |

*ဇယား (၁၃) ထောင်ချခံကြရသည့်နှစ်များ*




*မှတ်ချက် - ၃ နှစ်မှ ၁၀ နှစ်တွင်း ထောင်ဒဏ်ချမှတ်ခံရသူအချို့၏ နှစ်အတိအကျကို ပြောပြ၍မရနိုင်သေးပါ။*

## စောင့်ကြည့်ရေး ဗျူဟာများ

စောင့်ကြည့်ရေးဗျူဟာများ (Surveillance Strategies) ဟု ဆိုရာတွင် အာဏာသိမ်း အကြမ်းဖက်စစ်တပ်မှ ပြည်သူများ၊ တက်ကြွလှုပ်ရှားသူများ၊ အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေး အင်အားစုများ၏ လုပ်ဆောင်ချက်များ၊ ပြောဆိုချက်များ၊ ရေးသားချက်များနှင့် ၎င်းတို့ ဆက်ဆံလှုပ်ရှားနေမှုများကို ထောက်လှမ်းစောင့်ကြည့်သည့် နည်းဗျူဟာများကို ဆိုလို သည်။ ယခုအစီရင်ခံစာ၏ အင်တာဗျူးတွင် ဆွေးနွေးပြောဆိုချက်များအရ တွေ့ရှိရသည့် ပြည်သူ လူထု၏ လှုပ်ရှားဆောင်ရွက်ချက်များကို စုံစမ်းထောက်လှမ်းရန်အတွက် အားထုတ်လုပ်ဆောင် နေသည့် စောင့်ကြည့်ရေး နည်းဗျူဟာများကို အကြမ်းဖျင်းအားဖြင့် (၅) မျိုးခွဲ၍ ဖော်ပြနိုင်သည်။

**(၁) ဆိုရှယ်မီဒီယာမှတဆင့် စောင့်ကြည့်ခြင်း။** ။ ၂ နှစ်ကျော် ကာလအတွင်းတွင် အကြမ်းဖက်စစ်တပ် ဘက်မှ ဒစ်ဂျစ်တယ် (အွန်လိုင်း) သတင်းပေးယန္တရားကို သေချာကျနစွာ တည်ဆောက်ထား ကြောင်း တွေ့ရသည်။ ၎င်းတို့ စောင့်ကြည့်သည့် ပုံစံအများစုမှာ Facebook ကဲ့သို့သော လူမှုမီဒီယာ စာမျက်နှာများပေါ်တွင် မျှဝေသည့် စာအကြောင်းအရာများ (ပို့စ့်)၊ မှတ်ချက်များနှင့် လူမှုပရိုဖိုင်များကို မှတ်တမ်းယူကာ အကြမ်းဖက်စစ်တပ်၏ ဝါဒဖြန့် တယ်လီဂရန် ချန်နယ်များဖြစ်သည့် ဟန်ငြိမ်းဦး ချန်နယ်များ၊ ဘညွန့် ချန်နယ်၊ ၅၂ News ကဲ့သို့သော သတင်းပေး၊ သတင်းဖြန့် ချန်နယ်များမှတဆင့် စောင့်ကြည့်ဖမ်းဆီးခြင်းမျိုး ဖြစ်သည်။ အင်တာဗျူးတွင် ပါဝင်ဖြေဆိုသူ တဦးက အကြမ်းဖက်စစ်တပ်၏ ဝါဒဖြန့် မီဒီယာများ၊ စောင့်ကြည့်ရေးစာမျက်နှာများနှင့် ပတ်သက်၍ ၎င်း၏ သတိထားလေ့လာမိသည်များကို ယခုကဲ့သို့ ရှင်းပြသည်။

*“သူတို့အနေနဲ့ နောက်ပိုင်းမှာ social media surveillance team တွေ တော်တော်လေး များလာတယ်။ ကျွန်တော်တို့သိတဲ့အသုံးအနှုန်းနဲ့ဆို ဟန်ငြိမ်းဦးပေါ့။ တကယ်တော့ ဟန်ငြိမ်းဦး ဆိုတာ လူတယောက်တော့ မဟုတ်တော့ဘူး။ သူတို့ရဲ့ team တခု၊ mission တခုလို ဖြစ်လာပြီ။ ဟန်ငြိမ်းဦးမဟုတ်ဘဲနဲ့ကို သူတို့အနေနဲ့ တခြား ကျော်စွာ၊ တင်ဦးတွေဆိုတဲ့ အမည်နဲ့လည်း ပေါ်လာတယ်။ ဒါကလည်း သူတို့ရဲ့ surveillance and intelligence အတွက် စနစ်တကျလုပ်တဲ့ ပုံစံမျိုးလို့ထင်တယ်။”*

ထိုသို့ စောင့်ကြည့်ရာတွင် အဓိကထား၍ ပစ်မှတ်ထားစောင့်ကြည့်ခြင်း ခံကြရသည့် သူအချို့မှာ နာမည်ကြီး၍ တော်လှန်ရေးအင်အားစုများကို ထောက်ခံသည့် လူမှုမီဒီယာစာမျက်နှာများတွင်လည်း လွှမ်းမိုးမှုအားကောင်းသည့် သူအများစုဖြစ်ကြောင်း ထိုသူကပင် မှတ်ချက်ပြုသည်။ ထိုသို့ ဖြစ်ရခြင်းအကြောင်းရင်းကို ရှင်းပြရာတွင် ထိုသူက *"ဆယ်လီတွေက လွတ်မြောက်နယ်မြေကို ရောက်နေကြပြီဆိုပေမယ့် သူတို့ post ကို share ထားတဲ့ သူတွေအကုန်လုံးကို screenshot တွေ သိမ်းထားပြီးတော့ ဟန်ငြိမ်းဦးတို့ဆီကို သွားတယ်။ သူတို့ဆီမှာလည်း သတင်းပေး informants တွေက တော်တော်များတယ်။ သူတို့အနေနဲ့ အဲ့ဒီလို information တွေနဲ့ လူအများကြီးကို ရောက်တဲ့ channel တွေကို ပေါင်းပြီးတော့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုတဲ့ သူတွေ၊ activists တွေကို ဖိနှိပ်ကြတယ်။ ဒါကလည်း သူတို့အနေနဲ့ social media ပေါ်မှာ surveillance လုပ်တဲ့အရာလို့ပဲ ထင်ပါတယ်။"* ဟု ၎င်း၏ တွေ့ရှိချက်များကို ပြောပြသည်။

(၂) **စစ်ဆေးရေးဂိတ်များချ၍ စစ်ဆေးစောင့်ကြည့်ခြင်း။** ။ ဒုတိယနည်းလမ်းမှာ မြို့အဝင်၊ အထွက်များတွင် အကြမ်းဖက်စစ်တပ်တပ်သားများဖြင့် စစ်ဆေးရေးဂိတ်များထားကာ ခရီးသွားပြည်သူများ၏ ဖုန်းနှင့် မှတ်ပုံတင်ကဲ့သို့ ကိုယ်ရေးအချက်အလက်များ တောင်းယူစစ်ဆေးခြင်းဖြစ်သည်။ မှတ်ပုံတင်များကို စစ်ဆေးပြီး နိုင်ငံရေးလှုပ်ရှားသူ စာရင်းထဲတွင် ပါ၊ မပါ စစ်ဆေးပြီး ဖမ်းဆီးမှုများ လုပ်ဆောင်သကဲ့သို့ ဖုန်းထဲရှိ social media app များမှ အကြမ်းဖက်စစ်တပ်ကို ဆန့်ကျင်သော၊ တော်လှန်ရေးနှင့် ပတ်သက်သည့် အချက်အလက်များကို ရှာဖွေစစ်ဆေးကြောင်းလည်း သိရသည်။ ထိုသို့ဖမ်းဆီးစစ်ဆေးမှုများတွင် ခရီးသည်နှင့် ယာဉ်မောင်းများအနေဖြင့် (အများအားဖြင့်) ငွေညှစ်ခံရသည့် ကိစ္စများကြုံတွေ့ကြရပြီး လိုသလို ခေါင်းစဥ်အမျိုးမျိုးတပ်၍ ဖမ်းဆီးခံ ရသည့် အခြေအနေများလည်း ကြုံတွေ့နေကြရသည်။

**(၃) အကြမ်းဖက်စစ်တပ်၏ အုပ်ချုပ်ရေး ယန္တရားမှတဆင့် စောင့်ကြည့်ခြင်း။** ။ ဤနည်းလမ်းတွင် အဓိကထား အသုံးပြုသည့် နည်းလမ်းမှာ ယခင်အစိုးရ အဆက်အဆက်ကတည်းကလည်း အသုံးချလေ့ရှိသည့် ဧည့်စာရင်းစစ်၍ စောင့်ကြည့်ခြင်းဖြစ်သည်။ အင်တာဗျူးလေ့လာတွေ့ရှိချက်များအရ တည်နေရာကို ထောက်လှမ်းခြင်း၊ ဧည့်စာရင်းစစ်ခြင်းများဖြင့် ထောက်လှမ်းမှုများ ပြုလုပ်ပြီး အထူးသဖြင့် ဆန္ဒပြပွဲများတွင် ခေါင်းဆောင်သူ၊ ပါဝင်သူများအား နောက်ယောင်ခံလိုက်သည့်

ဖြစ်စဉ်များ တွေ့ကြုံကြရပြီး စစ်ထောက်လှမ်းရေး၏ ထောက်လှမ်းသည့်အချိန်များတွင် မိသွားလျှင် ထောင်ချခံရသည်များလည်းရှိသည်။ ထို့အပြင် အရပ်ဝတ်နှင့်ထောက်လှမ်းခြင်းများလည်း ကြုံတွေ့ရပြီး ရပ်ကွက်ထဲ၊ ကွမ်းယာဆိုင်များတွင် စောင့်ကြည့်ခြင်းများပြုလုပ်ပြီး ဖမ်းဆီးခံရသည့် လူများလည်း ရှိသည်။ အင်တာဗျူးဖြေဆိုသူတယောက်မှ *'သူတို့ရဲ့ အောက်ခြေ building block တွေဖြစ်တဲ့ ထွေအုပ်ရုံးတွေ၊ အုပ်ချုပ်ရေးမှူးရုံးတွေမှာ ရပ်ကွက်ရဲ့ database တွေရှိတယ်။ အဲ့ဒီ database ကနေပဲ သူတို့တွေက အချိန်မရွေး informer တယောက်က သူစိမ်းတယောက် ရောက်နေတယ်။ လူငယ်လူရွယ်မျိုးဖြစ်တယ်ဆိုပြီးပြောရင် သူတို့ဘက်က အဲ့ဒီ database ကြီးကို ကိုင်ပြီး ဟုတ်မဟုတ် သွားစစ်ဆေးခွင့်ရှိတယ်ပေါ့။ ဒါတွေကလည်း ရှေးကတည်းက အောက်ခြေအဆင့်မှာ ထောက်လှမ်းခဲ့တဲ့ဟာတွေလို့ ကျွန်တော်ထင်ပါတယ်။'* ဟု ဖြေကြားခဲ့သည်။

**(၄) CCTV များတပ်ဆင်၍ စောင့်ကြည့်ခြင်း။** ။ အာဏာသိမ်းပြီး ၂ နှစ်ကျော်အတွင်း ဆန္ဒပြပြည်သူများ၊ အာဏာသိမ်းမှု ဆန့်ကျင်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများအား ဖမ်းဆီးမှုများအား အများဆုံး ခြိမ်းခြောက်သည့် နည်းလမ်းများထဲမှ တခုမှာ CCTV များ ဖြစ်သည်။ မြို့ပြ ဆန္ဒပြပွဲများတွင် ဆန္ဒပြပွဲဦးဆောင်သူနှင့် ပါဝင်သူများအား ခြေရာခံရာတွင် အကြမ်းဖက်စစ်တပ်မှ လမ်းမများရှိ အများဆိုင်ရာ CCTV များသာမက နေအိမ်များ၊ ဈေးဆိုင်များတွင် တပ်ဆင်ထားသော CCTV များကနေပါတဆင့် လိုက်လံဖမ်းဆီးမှုများ လုပ်ဆောင်ခဲ့သည်။ ပြည်သူလူထုက နေ့စဉ်ဘဝ မလုံခြုံတော့သဖြင့် မိမိတို့၏ နေအိမ်နှင့် အနီးတဝိုက်များတွင် CCTV များတပ်ဆင်ထားကြပြီး အကြမ်းဖက်စစ်တပ်တပ်များမှ ဆန္ဒပြထုတ်ဖော်မှု တခုခုဖြစ်ပွားလျှင် အနီးအနားရှိ ဆိုင်များ၊ အိမ်များမှ CCTV များကို ဖွင့်ခိုင်းခြင်း၊ လူငယ်တွေ စီးသည့် ကားနံပါတ် တွေကို ကြည့်၍ နေ့ချင်း လိုက်ရှာခြင်းမျာကို လုပ်ဆောင်သည်။

အင်တာဗျူးဖြေဆိုသူတဦးမှ ထိုသို့ CCTV မှတဆင့် အလိုက်ခံရပြီး အန္တရာယ်ပြုခံရကြောင်းကို *"ဒါမျိုးက ကျွန်တော်တို့က experience ရှိတယ်။ ပထမဦးဆုံး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လမှာ လုပ်တဲ့ flashboard တခုမှာ လူအုပ်ကြီးနဲ့ သတင်းလိုက်ယူခဲ့ရတာတွေရှိတယ်။ ကြည့်မြင်တိုင်က ပန်းပင်ကြီးလမ်းမှာ ကားနဲ့တိုက်ခံရတဲ့ ကျွန်တော့်အသိတယောက် ခြေထောက်ထိသွားတယ်။ ပြီးတော့ နောက်ထပ် သတင်းထောက်အမျိုးသမီး တယောက်ခြေထောက် ကျိုးသွားတယ်။*

*အခုတော့ ထောင်ထဲမှာပေါ့။"* ဟု ဆိုသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ပြည်သူများနှင့် တက်ကြွလှုပ်ရှားသူများအတွက် CCTV သည် အလွန်အန္တရာယ်များသဖြင့် တော်လှန်ရေး အင်အားစုများမှာ campaign များပြုလုပ်ကာ CCTV များမတပ်ဆင်ရန်၊ ဆန္ဒပြပွဲများပြုလုပ်သည့် နေရာတဝိုက် CCTV များ ဖြုတ်သိမ်းပေးကြရန် တောင်းဆိုမှုများ ပြုလုပ်ကြသည့်အခါ ထိုသို့ CCTV ဖြုတ်ထားသူများအား အကြမ်းဖက်စစ်တပ်ဘက်မှ ဖမ်းဆီးအရေးယူခြင်း၊ ဆိုင်ခန်းများအား CCTV တပ်ဆင်ရန် အမိန့်ပေးခြင်းများ လုပ်ဆောင်ကြောင်း သိရသည်။

**(၅) ဖုန်းဆင်းကဒ်မှ တဆင့် စောင့်ကြည့်ခြင်း။** ။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၉ ရက်နေ့တွင် အကြမ်းဖက်စစ်တပ်လက်အောက်ရှိ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဆင်းကဒ်များ မှတ်ပုံတင်ရန်နှင့် သတ်မှတ်ရက်အတွင်း မှတ်ပုံတင်ခြင်းမရှိသည့် ဆင်းကဒ်များအား ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[၃၁] ဆင်းကဒ်မှတ်ပုံတင်ခြင်းအတွက် အကြမ်းဖက်စစ်တပ်မှ ဆက်သွယ်ရေး နည်းပညာမှတဆင့် ဖုန်းပြောဆိုမှုများ၊ စာတို (SMS) ပေးပို့ခြင်းများအား စောင့်ကြည့်ခံရနိုင်ခြင်း၊ ကြားဖြတ်နားထောင်ခြင်းများအပေါ် ပြည်သူများအကြားစိုးရိမ်မှု မြင့်တက်ခဲ့သည်။ အင်တာဗျူးရဲ့ (၈၀%) အရ ဖုန်းဆင်းကဒ်မှတဆင့် ကြားဖြတ်နားထောင်ခြင်း၊ လူပုဂ္ဂိုလ်တဦးဦး၏ ဖုန်းကဒ်ကို ခြေရာခံ၍ ထိုသူနှင့် ဆက်သွယ်သူများအား ထောက်လှမ်းခြင်းများကို ကြုံတွေ့ရကြောင်း ဆိုကြသည်။ အင်တာဗျူးဖြေဆိုသူ တဦးမှ *"ဖုန်းပြောနေရင်းနဲ့မှ တဖက်ကနေ ကြားဖြတ်နား ထောင်နေသလိုမျိုး အသံပျက်ပျက်သွားတဲ့ ဟာမျိုးတွေလည်း ကျွန်မတို့ကြုံရတယ်"* ဟုဆိုသည်။

ထို့ပြင် အင်တာဗျူးဖြေဆိုသူနောက်တဦးမှလည်း *"ကျွန်တော်တို့တွေသိတဲ့ အကြောင်းတရားတွေအပြင် နည်းလမ်းတွေအပြင်ကိုမှ၊ ကျွန်တော်တို့တွေ မသိနိုင်တဲ့နည်းလမ်းမျိုးတွေနဲ့ပါ စုံစမ်းထောက် လမ်းတာမျိုးတွေလုပ်တယ်၊ ဆိုလိုတာက ကျွန်တော်တို့တွေ အရင်ကတည်းက နေပြီးတော့ ဖုန်းတွေထဲကနေပြီးတော့ ခိုးပြီးတော့ စုံစမ်းတယ်၊ ထောက်လှမ်းတယ်ဆိုတော့ ဟာကို ကျွန်တော်တို့တွေ မယုံခဲ့ဘူး၊ မသိခဲ့ဘူးပေါ့နော်၊ ဒါပေမယ့် အဲ့ဒါမျိုးတွေကို တကယ် မျက်ဝါးထင်ထင် ကျွန်တော်တို့တွေ မြင်ခဲ့တယ်၊ သူတို့သိချင်တဲ့ သူတို့လိုက်ချင်တဲ့ လူတယောက် ရဲ့ ဖုန်း*

[31] RFA Burmese. "Myanmar Activists Say Junta Will Use SIM Card Registration to Target Opposition," October 3, 2022. https://www.rfa.org/english/news/myanmar/simcards-10032022211504.html.

*ကို နောက်ယောင်ခံပြီး ခြေရာခံပြီးတော့ကို ခိုးပြီးတော့နားထောင်ပြီးတော့၊ သူတို့နဲ့ ပတ်သက်ဆက်နွယ်တဲ့သူတွေကို ဖမ်းဆီးတာမျိုးတွေ၊ ကျွန်တော်ဆီမှာဆို ဒီလိုပေါ့ ကျွန်တော်ဆိုရင် တခါ CDM စစ်သား တယောက်ကို ထုတ်တဲ့အချိန်မှာ ဒီ CDM စစ်သားက သူတို့ပေးထားတဲ့ ဖုန်းကဒ်ကို ကိုင်ပေါ့နော် ကိုင်ထားပြီးတော့ လွှင့်မပစ်ဘူး လွှင့်မပစ်တော့ လွှင့်မပစ်ဘဲနဲ့ အဲ့ဒီဖုန်းကဒ်ကို ထည့်ထားတဲ့အခါ အဲ့ဖုန်းကဒ်ထဲကနေပြီးတော့ လိုက်လာပြီးတော့ ပြန်ဖမ်းဆီး ခေါ်ဆောင်သွားတာမျိုးတွေရှိတယ်။”* ဟု ၎င်း၏ အတွေ့အကြုံကို ရှင်းပြသည်။ ဖုန်းဆင်းကဒ်နှင့် အလားတူပင် ကေပေး (KBZ Pay) များအားလည်း မိမိတို့၏ ကိုယ်ရေးအချက်အလက်များဖြင့် အဆင့်မြှင့်မှတ်ပုံတင်ခိုင်းကာ ငွေအလွှဲအပြောင်းဖြစ်စဉ်၊ ငွေပမာဏ နှင့် လွှဲပြောင်းသည့် အကြိမ်အရည်အတွက်များအား စောင့်ကြည့်ပြီး အကောင့်ပိတ်ခံရခြင်းများနှင့် အလှူငွေများကောက်ခံသည်ဟု သံသယရှိသူများ၏ အကောင့်များကိုလည်း ပိတ်သိမ်းခြင်း၊ လိုက်လံရှာဖွေ ဖမ်းဆီးခြင်းများကို စစ်တပ်မှ ပြုလုပ်လျက်ရှိသည်။

## အကြမ်းဖက်စစ်တပ်၏ စောင့်ကြည့်ခြင်းကို ဦးတည်ထားခံရသော လူအုပ်စုများ

အထက်တွင် ဖော်ပြထားတဲ့ နည်းဗျူဟာများနှင့် အရပ်သား ပြည်သူများ၏ သွားလာလှုပ်ရှားမှု၊ ထုတ်ဖော်ပြောဆိုမှုများကို နေ့စဥ် စောင့်ကြည့်ခြင်း၊ ဖမ်းဆီးခြင်းများရှိသကဲ့သို့ တချို့သော လူအုပ်စုများကို အဓိက ပစ်မှတ်ထားပြီး စောင့်ကြည့်နေကြောင်းတွေ့ရသည်။

| လူအုပ်စုအမျိုးအစား | ဘာကြောင့်စောင့်ကြည့်သလဲ | နည်းဗျူဟာ |
|---|---|---|
| ဆိုရှယ်မီဒီယာ နာမည်ကြီး သူများ (Public figures)<br>အနုပညာရှင်၊ စာပေ၊ နိုင်ငံရေး၊ သတင်းမီဒီယာ သမား၊ အလုပ်သမား ခေါင်းဆောင်၊ | ထိုလူအုပ်စုတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော၊ တော်လှန်ရေးအင်အားစုများတွင် ပါဝင်သော၊ ထောက်ခံသော စာပေအနုပညာရှင်များ၊ နိုင်ငံရေး သမားများ၊ သတင်းမီဒီယာသမားများ၊ အလုပ်သမားခေါင်းဆောင်များ၊ ပရဟိတသမား များ နှင့် တက်ကြွလှုပ်ရှားသူများ ပါဝင်ပြီး ထိုသူ များ၏ အများပြည်သူအပေါ် လွှမ်းမိုးနိုင်မှု၊ လှုံ့ဆော်နိုင်မှု အားကောင်းမှု နှင့် တော်လှန်ရေး ရန်ပုံငွေ ထောက်ပံ့မှုများ အားကောင်းနိုင်မှုတို့ ကြောင့် အကြမ်းဖက်စစ်တပ်၏ သတင်းပေး ယန္တရား များမှ အဓိကထား စောင့်ကြည့်ကြကြောင်း တွေ့ရသည်။ | အွန်လိုင်း/ ဆိုရှယ်မီဒီ ယာ |
| CDMers | အမိန့်ဖီဆန်ရေး လှုပ်ရှားသူများ (CDM) တွင် ပါဝင်သူများကို စောင့်ကြည့်ရာတွင် ဆိုရှယ် မီဒီယာတွင် နာမည်ကြီး CDMers များအား စောင့်ကြည့်ခြင်းနှင့် သာမန် CDMers များအား စောင့်ကြည့်ခြင်း ဟူ၍ နှစ်မျိုးရှိသည်ကို တွေ့ရ သည်။ ဆိုရှယ်မီဒီယာတွင် နာမည်ကြီး CDMers | အွန်လိုင်း/ ဆိုရှယ်မီဒီ ယာ |

| လူအုပ်စုအမျိုးအစား | ဘာကြောင့်စောင့်ကြည့်သလဲ | နည်းဗျူဟာ |
|---|---|---|
| | များအား အွန်လိုင်းမှ တဆင့် ၎င်းတို့၏ အကောင့်များ၊ ပို့စ်များအား အဓိက စောင့်ကြည့်ပြီး သာမန် CDMers များကို ၎င်းတို့ နေထိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ လုပ်ဆောင်ခဲ့သော ဌာနရှိ အချက်အလက် ဒေတာများဖြင့် စောင့်ကြည့်သည်။ | |
| သပိတ်အင်အားစုတွေ/ သပိတ်ဦးဆောင်သူများ | ၂၀၂၁ ဖေဖော်ဝါရီလမှစ၍ ဆန္ဒပြပွဲများတွင် ဦးဆောင်သူများ၊ သပိတ်အင်အားစုများ၊ သပိတ်ကော်မတီများနှင့် ပါဝင်သူများအား ၎င်းတို့၏ ဆိုရှယ်မီဒီယာအကောင့်များ၊ ပို့စ်များအား စောင့်ကြည့်ခြင်းများ ရှိခဲ့ပြီး ကိုယ်ရေးအချက်အလက်များလိုက်ကာ နေအိမ်များအထိ ဝင်ရောက်ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းယူခြင်းနှင့် မိသားစုဝင်များအထိ စောင့်ကြည့်ဖမ်းဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ | အွန်လိုင်း/ ဆိုရှယ်မီဒီယာ |
| NLD ပါတီဝင်၊ မိသားစုဝင်နှင့် ထောက်ခံသူများ | အလားတူပင် NLD ပါတီဝင်၊ မိသားစုဝင်နှင့် ထောက်ခံသူများကိုလည်း ၎င်းတို့၏ ဆိုရှယ်မီဒီယာအကောင့်များ၊ ပို့စ်များအား စောင့်ကြည့်ခြင်းများ ရှိခဲ့ပြီး ကိုယ်ရေးအချက်အလက်များ စုံစမ်းကာ နေအိမ်များအထိ ဝင်ရောက်ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းယူခြင်းနှင့် မိသားစုဝင်များအထိ စောင့်ကြည့်ဖမ်းဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ | အွန်လိုင်း/ ဆိုရှယ်မီဒီယာ |

| လူအုပ်စုအမျိုးအစား | ဘာကြောင့်စောင့်ကြည့်သလဲ | နည်းဗျူဟာ |
|---|---|---|
| နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ | နိုင်ငံရေး တက်ကြွလှုပ်ရှားသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ ဆိုရှယ်မီဒီယာအကောင့်များ၊ ပို့စ်များအား စောင့်ကြည့်ခြင်းများ ရှိခဲ့ပြီး ကိုယ်ရေးအချက်အလက်များစုံစမ်းကာ နေအိမ်များအထိ ဝင်ရောက်ဖမ်းဆီးခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းယူခြင်းနှင့် မိသားစုဝင်များအထိ စောင့်ကြည့်ဖမ်းဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ | အွန်လိုင်း/ ဆိုရှယ်မီဒီယာ |
| လူငယ်များ | အာဏာသိမ်းမှုအား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် လူငယ်များသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သဖြင့် နာမည်ကြီး လူငယ်များအပါအဝင် ရပ်ကွက်၊ ကျေးရွာထဲရှိ လူငယ်၊ လူရွယ်များသည် ဆိုရှယ်မီဒီယာမှ သော်လည်းကောင်း မြေပြင် အကြမ်းဖက်စစ်တပ်၏ သတင်းပေး ကွန်ယက်မှသော်လည်းကောင်း စောင့်ကြည့် ခြင်းကို ခံရသည့် လူအုပ်စုတွင် ပါဝင်သည်။ ဥပမာအားဖြင့် အင်တာဗျူး ဖြေဆိုသူ၏ အတွေ့ အကြုံအရ *"ကျွန်မတို့ အနီးစပ်ဆုံး ပြောရမယ် ဆိုရင် မြို့နယ် တမြို့နယ်မှာ လူငယ်သုံးယောက်လောက် အိမ်ပြောင်းလာပြီဆိုရင် ဒါကို စောင့်ကြည့်ခံ ရတယ်။ ရပ်ကွက်ရုံးကသော်လည်း ကောင်း စောင့်ကြည့်တာ ခံရတယ်။ ဒီကလေး တွေက ဘာလုပ်တာလဲ၊ သူတို့ရဲ့ နေ့စဉ် လှုပ်ရှား မှုက ဘယ်ချိန်အပြင်ထွက်လဲ၊ ဘယ်ချိန် ပြန် ရောက်လာလဲက အစပေါ့။ နေရာတနေရာကို* | အွန်လိုင်း/ ဆိုရှယ်မီဒီယာ |

| လူအုပ်စုအမျိုးအစား | ဘာကြောင့်စောင့်ကြည့်သလဲ | နည်းဗျူဟာ |
|---|---|---|
| | *အိမ်ပြောင်းလာပြီဆိုရင်ကိုက ဒီကလေးတွေက ဘာတွေလဲဆိုပြီး စုံစမ်းထောက်လှမ်းခံရ တာမျိုးတွေ ရှိတယ်ပေါ့နော်"* ဟု ဆိုသည်။ | |

အရပ်ဖက်အဖွဲ့အစည်းများနှင့် လူငယ်များ စောင့်ကြည့်ခံရကြောင်းကိုလည်း *"ရှမ်းမြောက်မှာဆိုရင် ဘယ် CSOs ရှိလဲဆိုတာပေါ့နော်။ လက်ချိုးရေလို့ရတယ်ဆိုရင် political Sciences ပေးတဲ့သူမျိုးတွေ၊ Politics နဲ့ ပတ်သက်ပြီး Youth တွေနဲ့ အားသွန်ခွန်စိုက်လုပ်တဲ့လူတွေဆိုရင် အများစု Target ထားခံရတယ်။ ဘာကြောင့်ဒီလိုလူတွေကို အဓိကထား စောင့်ကြည့်ထောက်လှမ်းနေရသလဲဆိုရင် Influence ပေါ့။ ဥပမာ Youth ထဲမှာရှိတဲ့ Youth Leader တွေဆိုရင် Youth တွေကို တော်တော်လေး Influence လုပ်နိုင်တယ်လို့ ကျမတို့ ပြောလို့ရတယ်။"* ဟု အင်တာဗျူး ဖြေဆိုသူတဦးက ဆိုသည်။

ဆန္ဒပြပွဲတွေမှာ တက်တက်ကြွကြွပါဝင်ဖူးသူများအား အကြမ်းဖက်စစ်တပ်မှ သတိထား စောင့်ကြည့်ကြောင်းကို အင်တာဗျူး ဖြေဆိုသူမှ *"ဆန္ဒပြတုန်းက တော်တော်ထဲထဲဝင်ဝင် လုပ်ခဲ့တဲ့ သူတွေရှိတယ် နောက်ပိုင်းမှာ ဆန္ဒပြရုံလောက်နဲ့မပြီးဘူးဆိုပြီး လုပ်တဲ့သူတွေရှိသလို ပြန်ငြိမ်သွား တဲ့သူတွေလဲ ရှိတယ်။ စစ်တပ်က ဒီလူကပြန်ငြိမ်သွားပြီလားဘာလားဆိုတာမျိုးကို ရပ်ကွက်ထဲမှာ စောင့်ကြည့်ခံရတဲ့သူတွေ ရှိတယ်။ အဲ့ဒါဘယ်လိုလုပ်သိလဲဆိုတော့ လူတယောက်က ခရီးသွားလို့ပဲဖြစ်ဖြစ်၊ သူဘယ်ရောက်သွားလဲဆိုတာ လိုက်စုံစမ်းတာမျိုး ပြန်ကြားရတယ်။ ပြီးတော့ ကျွန်မတို့ဆီမှာ လာစုံစမ်းတာမျိုးတွေရောကြောင့် ဒီလူကတော့ စောင့်ကြည့်ခံနေရတယ်လို့ သိရတယ်"* ဟု ဖြေဆိုသည်။

ထို့အပြင် CDM ဝန်ထမ်းများ၏ စောင့်ကြည့်ခံနေရကြောင်းများလည်း *"ကျွန်မအနေနဲ့ အစိုးရဝန်ထမ်းဖြစ်ခဲ့တဲ့အခါကျတော့ ကျွန်မတို့ရဲ့ ကိုယ်ရေးအချက်အလက်ဆိုပြီး အသေးစိတ်တွေပေးရတယ်။ ကျွန်မဘက်က အဖေဘက်က ညီကိုမောင်နှမဘက်က စသည်ဖြင့် အသေးစိတ်*

*တွေကိုပေးရတယ်။ ကျွန်မတို့ကိုဆိုရင် ဒီအာဏာသိမ်းပြီးတော့ CDM လုပ်တဲ့သူတွေကို black list ဆိုပြီးတော့ သွင်းတယ်ပေါ့။ အဲ့တော့ အစိုးရရုံးတခုခုမှာ အစိုးရအချက်အလက် တခုခုသွားလုပ်တာမျိုး အဲ့လိုလုပ်ပြီဆိုရင် ဥပမာ မှတ်ပုံတင် သက်တမ်းတိုးတာပဲဖြစ်ဖြစ် ကိုယ့်ရဲ့မြေပိုင်ဆိုင်တဲ့ အကြောင်း စာရင်းသွင်းတာပဲဖြစ်ဖြစ်၊ မြေဂရန်တွေ ဘာတွေလုပ်တာကအစ ကျွန်မရဲ့ အချက်အလက်က သူတို့မှာရှိနေတာဖြစ်တဲ့အတွက် ကျွန်မက CDM ဝန်ထမ်းဆိုတာ သူတို့ကသိနေတယ်။"* ဟု အမျိုးသမီးတဦးက ၎င်းကိုယ်တိုင် ကြုံတွေ့နေရသည့် အတွေ့အကြုံကို ပြန်လည်ရှင်းပြသည်။ ထို့နောက် အကြမ်းဖက်စစ်တပ်မှ CDM ပြုလုပ်သည့် ဝန်ထမ်းများ၏ အခွင့်အရေးကို မည်ကဲ့သို့ ချုပ်ချယ်ကန့်သတ်ထားသည်ကိုလည်း ဤကဲ့သို့ ပြောပြသည်။ *"နောက်တခုက အဆိုးဆုံးကတော့ passport တို့ဘာတို့လုပ်လို့မရဘူး ကျွန်မတို့နိုင်ငံပြင်ပကို ထွက်လို့မရဘူး။ passport သွားလုပ်ပြီဆိုရင် ကျွန်မကိုယ်တိုင်ပဲ passport ရုံးမှာအဖမ်းခံရဖူးတယ်။ သူတို့စစ်ဆေးရေးဆိုတဲ့ အခန်းကိုခေါ်သွားတယ် ကျွန်မကိုစစ်တယ်ပေါ့နော် သူတို့မှာ code no တွေရှိတယ်။ ကျွန်မတို့ရဲ့ Blacklist မှာမှ ကျွန်မတို့ရဲ့ code နံပါတ်ပေါ့ ပညာရေးဝန်ထမ်းတွေဆို နောက်မှာ ၃ တော့ပါတယ်။ ရှေ့ကဂဏန်းတော့ကျွန်မလည်း မမှတ်မိဘူး။ ဒါဆိုပညာရေးဝန်ထမ်းပေါ့ ဘယ်ကျောင်းကလဲ ဘာညာဘာညာ အဲ့လိုမျိုး ကျွန်မကိုမေးတယ်။ ကျွန်မမှတ်ပုံတင်ကို သိမ်းထားတယ်။ အဲ့ဒါမျိုးကျွန်မတခါ ကြုံဖူးတယ်။"*ဟု ၎င်း၏ အတွေ့အကြုံများကို ရှင်းပြသည်။

## သတင်းတု၊ သတင်းမှားများအသုံးပြု၍ လူထုအကြား ဝါဒဖြန့်ခြင်းများ

လူထုကြား သတင်းတု၊ သတင်းမှား နှင့် ပတ်သက်လျှင် စစ်ရေး၊ လူမျိုးစုရေး၊ နိုင်ငံရေး ကဏ္ဍတွေမှာ ပျံ့ပျံ့နှံ့နှံ့တွေ့ရသည်။ အထူးသဖြင့် တိုက်ပွဲနှင့် ပတ်သက်သည့် သတင်းများ၊ ဒေသခံ လက်နက်ကိုင် တပ်ဖွဲ့များ (PDF)၊ တော်လှန်ရေးနှင့် ဆက်စပ်သော သတင်းများနှင့် တော်လှန်ရေးလုပ်ဆောင်သော သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအမှားများကို ကျယ်ကျယ်ပြန့်ပြန့် တွေ့ရသည်။ ထိုသတင်းအမှားများကို တယ်လီဂရမ်တွင် အကြမ်းဖက်စစ်တပ်ထောက်ခံသော ချန်နယ် များမှ တဆင့်ဖြန့်ဝေကြပြီး မြေပြင်တွင် စာရွက်ဝေခြင်း၊ MRTV၊ MWD တီဗွီချန်နယ်များမှ တဆင့် ထုတ်လွှင့်ခြင်းလည်းရှိသည်။ အကြမ်းဖက်စစ်တပ်သည် ထိုသတင်းမှားမှ တဆင့် ပြည်တွင်း ဝါဒဖြန့်မှုကို အဓိကရည်ရွယ်လုပ်ဆောင်နေကြောင်း တွေ့ရသည်။

စစ်အာဏာသိမ်းမှုကို လူထုတရပ်လုံးမှ တခဲနက် ဆန့်ကျင် ဆန္ဒပြမှုများရှိသကဲ့သို့ စစ်တပ်အားပေးထောက်ခံသူအနည်းအကျဉ်းနှင့်၊ ကြားနေဆိုသည့် လူအုပ်စု နှစ်ခုကိုတွေ့ရပြီး ထိုလူအုပ်စု နှစ်ခုအား အဓိကရည်ရွယ်သည့် စစ်ဝါဒဖြန့်ခြင်းများကို အကြမ်းဖက်စစ်တပ်ဘက်မှ အာဏာ သိမ်းပြီးနောက်ပိုင်း လူအင်အား၊ နည်းပညာအင်အားသုံး၍ လုပ်ဆောင်သည်။ အင်တာဗျူး ဖြေဆိုသူတဦးမှ *"စစ်တပ်ရဲ့ propaganda က misinformation/ disinformation ပေါ် အခြေခံတယ်၊ ဒါက structure အားဖြင့်ပါ။ ရည်မှန်းချက်ကတော့ စစ်တပ်က ပြည်တွင်း ဝါဒဖြန့်တာက PDF ထောက်ခံသူတွေ၊ ဒီမိုကရေစီအရေးထဲထဲဝင်ဝင် လှုပ်ရှားနေသူတွေ စစ်တပ်ကို ထောက်ခံလာရေးမဟုတ်ဘူး။ သူတို့ target ထားတဲ့ audience ကတော့စစ်တပ်ကို ထောက်ခံဆဲလူတွေကို လျော့မသွားအောင် တိုးလာဖို့ထက် လျော့မသွားအောင်လို့တော့ ကျွန်တော်မြင်တယ်။ နောက်တခုကတော့ neutral ဖြစ်နေတဲ့သူတွေ NLD လည်းမဟုတ် အေးအေးဆေးဆေးနေတဲ့သူတွေကို ဝေဝါးလာအောင် တော်လှန်ရေးကိုပုံဖျက်ပြီးတော့ တော်လှန်ရေး မကောင်းဘူး ဒီအတိုင်းလေး နေပါလို့ပြောတာပဲ။ အကြောင်းအရာအားဖြင့်ဆိုရင် အမျိုး၊ ဘာသာ၊ သာသနာ အပေါ်မှာဘဲ အခြေခံပြီးလုပ်တယ်။ ငါတို့နိုင်ငံကို စစ်တပ်မရှိရင် သူများလာကျူးကျော်မယ် ဆိုတာတွေ နိုင်ငံပေါ်မှာ အခြေခံပြီးသွားတယ်။"* ဟု ဖြေကြားခဲ့သည်။

အကြမ်းဖက်စစ်တပ်က လူထုကြား သတင်းတု၊ သတင်းမှား များသုံး၍ ဝါဒဖြန့်မှုများသည် လူထု၏ သတင်းအချက်အလက်စီးဆင်း/ရယူ/ စီစစ်မှု၊ သက်ရောက်မှုအား လေ့လာကြည့်ရာတွင် ၂၀၂၁ ခုနှစ် နောက်ပိုင်းစစ်တပ်၏ ရက်စက်မှု၊ လူသားမဆန်မှု၊ လက်နက်မဲ့ အရပ်သား ပြည်သူများအား ဖိနှိပ်ခွင်းမှုကို ကြုံတွေ့ခဲ့ရခြင်းနှင့် စစ်တပ်၏ ဝါဒဖြန့်မှုများအပေါ် နားလည် သဘောပေါက်မှုရေချိန် မြင့်တက်လာသည့်အလျောက် သတင်းမှားများဖြင့် ဝါဒဖြန့်ခြင်းများသည် ယခင်စစ်အစိုးရ အဆက်ဆက်နှင့်နှိုင်းယှဥ်လျှင် အကျိုးသက်ရောက်မှု နည်းသည်ကို တွေ့ရသည်။ ဆိုလိုသည်မှာ လူထုသည် အကြမ်းဖက်စစ်တပ်နှင့် အကြမ်းဖက်စစ်တပ်ဝါဒဖြန့် ချန်နယ်များမှ ထုတ်လွှင့်သော သတင်းအချက် အလက်များကို အယုံအကြည် နည်းပါးသည့်အတွက်ကြောင့် ဖြစ်သည်။ သို့သော် ချွင်းချက်အနေဖြင့် ဆိုရှယ်မီဒီယာ အသိပညာအားနည်းသော အသက်အရွယ် အားဖြင့် လူကြီးပိုင်းဖြစ်သော၊ အခြား သတင်းအချက်အလက်ရရှိနိုင်ရန် အခက်အခဲရှိသော သူများတွင် အကြမ်းဖက်စစ်တပ်မှ ဖြန့်ဝေသော သတင်းမှားများနှင့် ဝါဒဖြန့်မှုများသည် အနည်း နှင့် အများ သက်ရောက်မှုရှိနိုင်သည်။

အင်တာဗျူးဖြေဆိုသူတဦးမှ *“တချို့နေရာတွေမှာဆိုရင် အင်တာနက်ဖြတ်တယ်၊ သတင်း မီဒီယာတွေကို ဖြတ်ပြီးတော့ သူတို့ကိုယ်ပိုင် TV channel တွေနဲ့ သတင်းအချက်အလက်အမှား တွေကို ပြကြတယ်။ ဒါတွေ effect ဖြစ်တဲ့ကိစ္စတွေရှိတယ်။ ကျွန်တော့်အဖွားဆိုရင် တကယ်ကြီး သူတို့ပြောတာတွေကို အမှန်ထင်နေလို့ ရှင်းပြခဲ့ရတာတွေရှိတယ်။ မြန်မာ့အသံပဲ ကြည့်နေရတဲ့ လူထုအတွက် တော်တော်ခက်ခဲတဲ့ အနေအထားမှာ ရှိတယ်။ ဘာမှမသိတဲ့ ကြားနေလူတွေမှာ လည်း အဲ့လိုအတွေးတွေ ဝင်သွားတာမျိုးတွေ ရှိတတ်ပါတယ်။ ကျန်တာတော့ တော်လှန်ရေး အဖွဲ့ အစည်းတွေ ထောက်ခံသူတွေ ကြားမှာတော့ အကျိုးသက်ရောက်မှုက မရှိသလောက်ကို နည်းပါ တယ်။”* ဟု ဖြေကြားခဲ့သည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ဆုံးရှုံးလာသည်နှင့်အတူ သတင်းမှားပျံ့နှံ့မှုပုံစံသည် ခိုင်မာသည့် သတင်းအရင်းမြစ်မှ လာသည့်ပုံစံ (ဥပမာ- သေချာသိတဲ့ အတွင်းလူဆီက သိရတာ ပါ....၊ သူရဲ့ မိသားစုထဲက ပြောတာပါ..၊ မျက်မြင်ကိုယ်တွေ့ သိရသူဆီကပါ...၊ Crd to original uploader or Crd စသဖြင့်) ဆိုရှယ်မီဒီယာပေါ်သို့ ပျံ့နှံ့ပြီး ထွက်ပေါ်လာသည့် သတင်းသည်

လူထုကြား ဟုတ်လိမ့်နိုးနိုး ဖြစ်စေကာ သတင်းမှား၊ သတင်းမှန်မှန်းမသိဘဲ ဝေဝါးစေသည်။ ဖြစ်စဥ်အချို့ကို လေ့လာကြည့်ရာတွင် အာဏာသိမ်းစ အင်တာနက်လိုင်းများပျက်သွားသည့် အစောပိုင်းရက်များတွင် စာတို (SMS) မှတဆင့် "အမေစုကို ပြန်လွှတ်လိုက်ပြီ" ဆိုသည့် စာတို ပြန့်နှံ့သွားပြီး လူထုကြား ရုတ်ရုတ်သဲသဲဖြစ်ကာ မီးရှူးမီးပန်းဖောက်ခြင်းများအထိ သတင်းမှားက သက်ရောက်ခဲ့သည်။ ထို့နောက်တွင် သတင်းရင်းမြစ် မခိုင်လုံသည့် အချက်အလက်အမှားများကို ဆိုရှယ်မီဒီယာ အသုံးပြုသူများအကြား အပြန်အလှန်မျှဝေခြင်းမျိုး ပြုလုပ်လာကြသည်။

အင်တာဗျူးဖြေဆိုသူတဦးမှလည်း *"တဦးချင်းရဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မရှိတဲ့ အတွက်ကြောင့် အမည်မဖော်လိုတဲ့လူတဦးတို့၊ ဘယ်လိုမျိုးလူတဦးတို့ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိဘူးပေါ့လေ။ သတင်းအရင်းမြစ် ခိုင်ခိုင်မာမာသတ်မှတ်လို့မရနိုင်ဘူး။ အောင်ဇံကပြောတယ် ဆိုတဲ့ဟာမျိုးထက် ဘယ်သူကပြောတယ်ဆိုတာမျိုး ဖြစ်သွားပြီဆိုတဲ့ခါမှာ ဒါသတင်းမီဒီယာကြီး တွေကိုယ်၌က ဒီလိုမျိုးပဲလုပ်လာရတယ်။ ဒီဟာတွေကို ပုံတူကူးချပြီးတော့ သူတို့ကလည်း အဲ့လိုမျိုးပဲ ပြန်သုံးတယ်ပေါ့။ အမည်မဖော်လိုသူတဦးကတော့ ဒီလိုဒီလိုပြောပါတယ်။ စစ်တပ်က အမျိုးသားညီညွတ်ရေးအစိုးရကို အပုပ်ချချင်တဲ့အခါ အမျိုးသားညီညွတ်ရေးအစိုးရက ဝန်ကြီး တွေ လာဒ်စားတယ်ဆိုတဲ့ဟာမျိုး။ အမျိုးသားညီညွတ်ရေးအစိုးရ အစိုးရအဖွဲ့ထဲက အမည်မဖော် လိုသူ တဦးကတော့ ဒီလိုပြောပါတယ်။ ဝန်ကြီးဘယ်သူကတော့ ဒေါ်လာဘယ်လောက်ကို ခိုးထား ပါတယ်တို့ဘာတို့ ဒီလိုထုတ်ဖော်ပြောဆိုတာတွေရှိတယ်။ ဒါတပိုင်း စစ်တပ်ဖက်က ပုံဖော်လို့ရ တယ်။ အမျိုးသားညီညွတ်ရေးအစိုးရ ဖက်ကလည်း အဲ့လိုပဲလေ။ ဘာလို့ဆို သတင်းအရင်းမြစ် တွေက ခိုင်ခိုင်မာမာမရှိတော့ဘူး။ ပုဂ္ဂလိကလွတ်လပ်ခွင့်အပေါ်မှာ မူတည်တဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဟာ မရှိတဲ့အခါမှာ လူတွေကလည်းမပြောရဲ၊ တကယ့်မီဒီယာတွေမှာ မပြောရဲဖြစ်လာတဲ့အခါ အားလုံးကဆက်စပ်နေတာပဲ။ ဒီစက်ဝိုင်းကြီးကလည်နေတာပဲ။ အဲ့ဒါ ကြောင့် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့်မရှိရင် ဒီသတင်းမှား၊ သတင်းတုတွေ ထွက်လာမယ်။ အဲ့တာတွေအများကြီး ဆိုးကျိုး သက်ရောက်မှုရှိတယ်။"* ဟူ၍ ၎င်း၏ အမြင်ကို အကျယ်တဝန့် ဆွေးနွေးထားသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ခြင်းနှင့် မြှင့်တင်ပေးခြင်း

အစီရင်ခံစာတွင် ပါဝင်ဆွေးနွေးကြသူတို့သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့်ကို ကာကွယ်ရန်နှင့် မြင့်တင်ရန်တို့မှာ လူတဦးချင်းစီတို့၏ အခြေခံရပိုင်ခွင့် အခွင့်အရေး တခုအနေဖြင့် ယူဆဆွေးနွေးကြယုံမျှမက ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက်ပါ မဖြစ်မနေလိုအပ်သည့် စံတန်ဖိုးတခုဖြစ်ကြောင်းကို ရှေ့အခန်းများတွင် တင်ပြခဲ့ပြီး ဖြစ်သည်။ အကြမ်းဖက်စစ်တပ်၏ မတရားအာဏာသိမ်းမှုကို ခံထားရသည့် ကာလတွင် ထိုလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ရန်နှင့် မြှင့်တင်ရန်မှာ ဖြစ်တန်ခြေ နည်းနေသည့်တိုင်၊ တဘက်တွင်လည်း တော်လှန်ရေးကာလဖြစ်သည်နှင့်အညီ ပြည်သူလူထုများ အကြားတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားပိုင်ခွင့်ကို မြှင့်တင်နိုင်ရန်နှင့် ပတ်သက်၍ အစီရင်ခံစာတွင် ပါဝင် အင်တာဗျူးဖြေဆိုသူများ၏ အကြံပြုချက်များအရ လက်ရှိကာလတွင် တတ်အားသမျှ လုပ်ဆောင် နိုင်သည့် အရာများလည်းရှိနေသည်။

ထိုအရာများထဲမှ အများစု အကြံပြုကြသည်မှာ ပညာရေးနှင့် ပညာပေးအစီအစဉ်များ ဆောင်ရွက်ကြခြင်းဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် အခြေခံ စံတန်ဖိုးတခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားပိုင်ခွင့် အခွင့်အရေးကို လူထုအကြား မြှင့်တက်လာစေရန် အကြံပြုထားခြင်းဖြစ်သည်။ ပညာရေးနှင့် ပညာပေးအစီအစဉ်များဟူသည်မှာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်နှင့်ပတ်သက်သည့် ရက်တို၊ ရက်ရှည် သင်တန်းများ၊ လူထု၏ စိတ်ဝင်စားမှုကို ဆွဲဆောင်ရယူနိုင်မည့် ပညာပေးမှတ်တမ်းတိုများ၊ ကာတွန်းများ အစရှိသည့် လုပ်ဆောင်ချက်များ ပါဝင်သည်။ ထိုကဲ့သို့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ပတ်သက်သည့် ပညာရေးနှင့် ပညာပေး လုပ်ငန်းများ လုပ်ဆောင်ကြစေလိုခြင်း၏ အဓိက အကြောင်းရင်း တချက်မှာ လူထုများအကြား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်၊ ထိုအခွင့်အရေးကို အသုံးချ၍ အမုန်းစကားပြောဆိုနေခြင်းများအကြောင်းကို လူထုအကြား ပို၍ ကွဲပြားစွာ သိစေလိုသည့်အကြောင်းကို ထောက်ပြကြသည်။ ထိုသို့ သိစေလိုသည့် နောက်အကြောင်းရင်းတချက်မှာ ပြည်လူထုက ၎င်းတို့ရပိုင်ခွင့်ရှိသည့်၊ တောင်းဆိုပိုင်ခွင့်ရှိသည့် ၎င်းတို့၏ အခွင့်အရေးများကို သိရှိထားလျှင်

ထိုအခွင့်အရေးများ ရှုံးဆုံးနေသည့်အခါ (သို့မဟုတ်) ကန့်သတ်ထားခြင်း ခံနေကြရသည့်အခါ တောင်းဆိုတိုက်ပွဲဝင်ရာတွင် ပို၍ ထိရောက်နိုင်သည်ဟုလည်း ဆွေးနွေးထောက်ပြကြသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ လှုပ်ရှားနိုင်မှု

မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းပြီးနောက်ပိုင်း ကမ္ဘာ့အသီးသီးရှိ ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မှာ နည်းမျိုးစုံဖြင့် ဆိုးဝါးစွာချိုးဖောက်ခံနေရသည်မှာ သိသာထင်ရှားလှသည်။ နိုင်ငံတကာမှ လူ့အခွင့်အရေးလှုပ်ရှားနေသော အဖွဲ့အစည်းများ အနေဖြင့်လည်း အကြမ်းဖက်စစ်တပ်၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် မတရားဖိနှိပ်နေသည့် လုပ်ရပ်များအား ထိရောက်စွာဟန့်တားနိုင်ခြင်းမရှိကြပါ။[၃၂] အာဆီယံကဲ့သို့သော အဖွဲ့အစည်းပင်လျှင် ဘုံသဘောတူညီချက် (၅) ချက်ထက် ကျော်လွန်၍ ကိုင်တွယ်ဖြေရှင်းရန် အရပ်ဘက်အဖွဲ့အစည်းများမှ စည်းရုံးလှုံ့ဆော်နေကြသော်လည်း ဥပေက္ခာပြုပြီး ၎င်းဘုံသဘော တူညီချက် ကိုပင်လျှင် အကောင်အထည် မဖော်ဆောင်နိုင်ကြောင်း တွေ့ရှိရသည်။[၃၃] အထူးသဖြင့် မြေပြင်တွင် ပြည်သူလူထုအတွက် အထောက်အကူဖြစ်စေမည့် အပြုသဘောဆောင်သည့် ကိစ္စရပ်များဖော်ဆောင်နိုင်ခြင်း မရှိသည့်အပေါ် မြန်မာပြည်သူတရပ်လုံးမှ ရှုံ့ချခဲ့ကြသည်။ အားမလိုအားမရ ဖြစ်ခဲ့ကြသည်။

*"ညီမတို့ အရင်တုန်းကလည်း UN တို့ R2P တို့လာမှာပဲထင်ပြီး အပုတ်ကြီးတွေ ဆန္ဒပြခဲ့ကြတယ်။ တကယ်တမ်းနောက်ပိုင်းကျတော့ သူများကိုသွားပြီး အားကိုးလို့မရဘူး၊ ကိုယ်ကိုယ်တိုင် ပါဝင်မှပဲရမယ်ဆိုတာ သိလာတယ်"* ဟု ရန်ကုန်မြို့တွင်း နေထိုက်လျက်ရှိသည့် လူငယ်အမျိုးသမီးတဦးမှ အင်တာဗျူးတွင်ဖြေဆိုထားသည်။[၃၄]

မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်တပ်မှ မတရားအာဏာသိမ်းထားခဲ့သည်မှာ အချိန်ကြာမြင့်လာသည်နှင့်အမျှ နိုင်ငံတွင်းနေထိုင်သူ ပြည်သူများ၏ လူ့အခွင့်အရေးရပိုင်ခွင့်တခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောခွင့်သည်လည်း တစတစပို၍ အဆိုးဘက်သို့ဦးတည်လာနေသည်ကို နေ့စဥ်ရက်ဆက် ဖမ်းဆီး၊ သတ်ဖြတ်ခံနေရသည့် သတင်းများမှာတဆင့် အထင်းသား မြင်တွေ့

---

[၃၂] David, Meal from Rakhine State, in discussion with researcher

[၃၃] BBC News. "အထမြောက်မလာတဲ့ အာဆီယံ ဘုံသဘောထား ၅ ချက် နေရာမှာ ဘာတွေနဲ့ အစားထိုးနိုင်လဲ," April ၂၇, ၂၀၂၂. https://www.bbc.com/burmese/burma-၆၁၂၅၀၅၃၅.

[၃၄] Bon, a female participant from Yangon, in discussion with researcher

နိုင်သည်။ တဖက်တွင်လည်း ပြည်သူများအနေဖြင့် စစ်တပ်၏ အကြမ်းဖက်ဖိနှိပ်မှုများအား ဟန့်တားနိုင်ရန်နှင့် အကြမ်းဖက်စစ်တပ်အား နိုင်ငံတကာဥပဒေများဖြင့် အရေးယူနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီတောင်းခံနေခြင်းသည် လက်တွေ့တွင် ထင်သလောက် ထိရောက်မှု မရှိသည်ကို သိရှိလာပြီး ယခုတော်လှန်ရေးတွင် မိမိတို့ကိုယ်တိုင်ပါဝင်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်လာကြသည်ကို တွေ့ရှိရသည်။

ဖော်ပြပါအကြောင်းအရာနှင့် ဆက်စပ်၍ ကရင်ပြည်နယ်မှ လွှတ်တော်အမတ်ဟောင်း တဦးမှလည်း *"နိုင်ငံတကာအနေနဲ့ ပြောရမယ်ဆိုရင် ဘယ်နိုင်ငံပဲဖြစ်ဖြစ် သူတို့နိုင်ငံရဲ့ အကျိုးစီးပွားအတွက်ပဲ သူတို့ ကြည့်နေကြတာလေ။ သူတို့အနေနဲ့ကတော့ ဒီမိုကရေစီအားပေးတဲ့ နိုင်ငံဆိုရင် ဒီမိုကရေစီအတွက် လုပ်နေတဲ့သူတွေကို အားပေးမယ်။ ဘာလုပ်နိုင်လဲဆိုရင် အားပေးတာလောက်ပဲ လုပ်နိုင်တာပေါ့။ ဘာလို့လဲဆိုတော့ လက်ရှိအချိန်မှာ သူတို့အနေနဲ့ ဝင်ရောက်စွက်ဖက်ဖို့လည်း မလွယ်ဘူးလေ။ အာဆီယံမပြောနဲ့ ကုလသမဂ္ဂတောင်မှ ထုတ်ပြန်ချက်တွေလောက်ပဲ ထုတ်နိုင်တယ်။ သူတို့အနေနဲ့ မလုပ်နိုင်ဘူးလို့ ထင်ပါတယ်။ ကိုယ့်အားနဲ့ ကိုယ်ပဲ လုပ်ရမယ်လို့ ထင်ပါတယ်"* ဟု နိုင်ငံတကာ အဖွဲ့အစည်းများ၏ လက်ရှိမြန်မာနိုင်ငံအရေးအပေါ် ကူညီနိုင်စွမ်းကို အသံအဖွဲ့နှင့် အင်တာဗျူးတွင် ယခုကဲ့သို့ ဖြေဆိုခဲ့သည်။[၃၇] တော်လှန်ရေး ကာလအချိန်ကြာမြင့်လာသည်နှင့်အမျှ မြန်မာ့နိုင်ငံအရေးသည် နိုင်ငံတကာ၏ စိတ်ဝင်စားခံရမှု နည်းလာသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝင်ရောက်စွပ်ဖက်နိုင်မှုနှင့် လုပ်ပိုင်ခွင့်မှာလည်း မြေပြင်တွင် အလှမ်းကွာဝေးလာပြီး ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းများ၏ အဖွဲ့အတွင်း၌ပင် လွတ်လွပ်စွာထုတ်ဖော်ပြောဆိုနိုင်ခွင့်မရှိဘဲ အချိန်မရွေး အသက်အန္တရာယ် ခြိမ်းခြောက်မှုများ ကြုံတွေ့လာနိုင်သည့် အခြေအနေတရပ်ဖြစ်ပေါ်နေသည်ဟု ရခိုင်ဒေသမှ ဂျာနယ်လစ်ဟောင်း တဦးမှ ဖြေဆိုထားသည်။[၃၈]

သို့သော်လည်း အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့၏ အဓမ္မ အာဏာသိမ်းမှုကို လက်မခံသည့် ပြည်သူများအား၊ အခြေခံအကျဆုံးသော လူ့ရပိုင်ခွင့်တခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်

[၃၇] Sai Thu, a male parliament representative from Karen, in discussion with researcher

[၃၈] Aung Zan, a male Freelance Journalist form Rakhine, in discussion with researcher

ပြောဆိုခွင့် ကိုသာမက စစ်ရာဇဝတ်မှုများဖြစ်သည့် ရပ်ရွာများအား မီးရှို့ဖျက်စီးခြင်း၊ စစ်ပွဲသုံး တိုက်လေယာဉ်များဖြင့် လူနေအိမ်များ၊ စာသင်ကျောင်းဆောင်များနှင့် ဘာသာရေး အဆောက် အဦးများကို ဗုံးကြဲဖျက်စီးကာ လူသားမျိုးနွယ်အပေါ် ကျူးလွန်းသည့် ရာဇဝတ်မှုများကို ဆက်တိုက် ကျူးလွန်းနေပေသည်။ ထိုသို့ ကျူးလွန်နေသည့် အကြမ်းဖက်စစ်တပ်အား ယနေ့ အချိန်ထိ ထိရောက်သည့် အရေးယူမှုများ ပြုလုပ်နိုင်ခြင်းမရှိသည်ကို မြန်မာပြည်သူများအနေဖြင့် စိတ်ဘဝင်မကျမှုများစွာ ရှိနေကြသည်ကို ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ အဖွဲ့ဝင် လူငယ်တဦးမှ

*"လုပ်လို့ရတာတွေ အများကြီးပါ၊ ဒါပေမယ့် သူတို့ကမလုပ်ပေးတာ... တော်တော်လည်း စိတ်ပျက်ဖို့ကောင်းတဲ့ဟာပါ။ လူ့အခွင့်အရေးကြေညာစာတမ်းကို ကိုင်ထားတဲ့ ကမ္ဘာ့ကုလသမဂ္ဂ ရော၊ ဘာဖြစ်တယ် ဘာဖြစ်တယ်ပြောတဲ့ အာဆီယံရောကို စိတ်ကုန်နေတာ တော်တော်ကြာ ပါပြီ။ အားလုံးက ကျွန်တော်တို့ နိုင်ငံအရေးနဲ့ ပတ်သက်ရင် နှုတ်ဆိတ်နေတယ်။ ပြောဖို့အတွက် လက်တွန့်နေခဲ့ကြတယ်၊ ကူညီပေးမှုက မထိရောက်ဘူး"* ဟု မြန်မာနိုင်ငံအရေးအား လက်ရှောင် ထားပုံနှင့် ပြည်သူများမှာ ထိရောက်သည့်အကူအညီ အထောက်အပံ့များမရရှိသည်ကို အင်တာဗျူး တွင် ဖြေဆိုခဲ့သည်။[၃၇]

မြန်မာ့အကြမ်းဖက်စစ်တပ်၏ နိုင်ငံခြားဆက်ဆံရေးအပိုင်းအား လေ့လာကြည့်မည်ဆိုလျှင် လက်ရှိကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်အားကျင့်သုံးနေကြသော ဥရောပအင်အားကြီးနိုင်ငံများနှင့် အပြိုင်ဖြစ်သည့် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပြီး ၎င်းနိုင်ငံများ၏ (ခေါင်းဆောင်) အစိုးရ များနှင့် လွန်စွာကောင်းမွန်သော ဆက်ဆံရေးများလည်းရှိသည်မှာ အထင်းသားဖြစ်သည်။ ကချင် ဒေသတွင်နေထိုင်လျက်ရှိသော CDM ကျောင်းသူတဦး၏ အင်တာဗျူးဖြေဆိုချက်များအရ နိုင်ငံ တကာမှ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စီးပွားရေးအရဒဏ်ခတ်အရေးယူ ပိတ်ဆို့မှုများ ဖြင့် အာဏာသိမ်းစစ်တပ်အား ဖိအားတချို့ပေးနိုင်သော်လည်း လက်ရှိပြည်တွင်းရှိ အခြေအနေ များအရ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မြေပြင်တွင် သိသာထင်ရှားသည့် (ပေါ်ပေါ်

[၃၇]Min Khant Kyaw Lin, a male student leader from Yadanarbon University's Student Union, in discussion with researcher

ထင်ထင်) လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် ခက်ခဲသည့် အခြေအနေတွင် ရှိနေပြန်သည်။

*"အခုကကတော့ ကျွန်တော်တို့ဆီမှာ ကျွန်တော်တို့ပဲရှိတယ်။ ငါတို့အချင်းချင်း အားကောင်းအောင် လုပ်ရမယ်၊ ငါတို့အချင်းချင်း ပိုသန်အောင် လုပ်ရမယ်၊ မပြိုလဲအောင် လုပ်ရမယ်။ အာဏာရှင်ကို အလဲထိုးနိုင်တဲ့သူတွေသည် ကျွန်တော်တို့ ပြည်သူတွေပဲလို့ ကျွန်တော်ယုံတယ်။"*

- ရန်ကုန်မှနေ၍ အစီရင်ခံစာ အင်တာဗျူးတွင် ပါဝင်ဆွေးနွေးပေးသည့် အရပ်ဖက်အဖွဲ့အစည်းတခုတွင် အလုပ်လုပ်နေသည့် အမျိုးသားတဦး

*"လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကို ပေါ်ပေါ်ထင်ထင် ကူညီနေတဲ့ အဖွဲ့အစည်းတွေက လေးဖွဲ့လောက်ထက် ပိုမရှိဘူး။ အဲ့လိုမျိုးအနေအထားတွေဖြစ်နေတော့ တော်တော်လေး ခက်ခဲတယ်လို့ ထင်ပါတယ်။"*

- ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကျောင်းသားခေါင်းဆောင်တဦး

*"မြန်မာနိုင်ငံမှာလည်း လွတ်လပ်စွာပြောဆိုပိုင်ခွင့်အတွက် အားစိုက်နေတဲ့ အဖွဲ့တွေရှိတယ်။ ဒီအဖွဲ့အစည်းတွေကို နိုင်ငံတကာအဖွဲ့အစည်းတွေက ထပ်ဆင့် ကူညီထောက်ပံ့ပေးတာမျိုးပေါ့။ အဲ့တာမှလည်း ဒီအဖွဲ့အစည်းတွေက ကောင်းကောင်းရပ်တည်နိုင်ပြီးတော့ လူတွေကိုပိုပြီး ဖြန့်ဝေပေးနိုင်မယ်၊ အကာအကွယ်ပြုပေးလို့ရမယ်လို့ ထင်ပါတယ်။"*

- ဒဂုံကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကျောင်းသားခေါင်းဆောင် အမျိုးသမီးတဦး

## ပြည်သူလူထု၏ အသံကို နားစွင့်ခြင်းနှင့် အလေးထားထည့်သွင်းစဉ်းစားခြင်း

လေ့လာတွေ့ရှိချက်များအရ အင်တာဗျူးဖြေဆိုသူအများစုသည် ပြည်သူ့အစိုးရတရပ်ဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်တွင်း ၊ပြည်ပမှ အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်သည့် လုပ်ငန်းစဉ်များအပေါ် အလွန်အမင်း အားမလိုအားမရဖြစ်နေသည်ကို သိသာထင်ရှားစွာ မြင်တွေ့ရသည်။ နေရာဒေသ အနှံ့အပြားတွင် တိုက်ပွဲများဖြစ်ပေါ်နေပြီး၊ နေ့စဥ်အပြစ်မဲ့ပြည်သူများ အကြောင်းမဲ့ဖမ်းဆီး၊ သတ်ဖြတ်ခံနေရသည့် တိုင်းပြည်တခုအတွင်း နေထိုင်လျက်ရှိသော ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ ကဏ္ဍအသီးသီးမှာလည်း အဆိုးဆုံးအခြေအနေသို့ ထိုးဆင်းနေပြီး ထိုကဲ့သို့ ခက်ခဲကြပ်တည်းမှုများစွာကြားထဲ ရုန်းကန်ရှင်သန်နေရသည့် ပြည်သူများ၏ အားကိုးယုံကြည်ရာမှာ ၎င်းတို့၏ အားပေးထောက်ခံမှုဖြင့် ဖွဲ့စည်းတည်ဆောက်ခဲ့သည့် ပြည်သူ့အစိုးရနှင့် ပြည်တွင်းမိတ်ဖက် အဖွဲ့အစည်းများသာလျှင် ရှိပေသည်။ တဖက်တွင်လည်း တော်လှန်ရေးကာလကြာမြင့်လာသည်နှင့်အမျှ အမျိုးသားညီညွတ်ရေးအစိုးရ၏ အချို့သော လုပ်ငန်းပိုင်းဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများနှင့် ထိရောက်မှု ပိုမိုလိုအပ်နေသေးသည့် လုပ်ငန်းများအပေါ်တွင် ပြည်သူများ၏ ပြောဆိုအကြံပြုချက်များလည်း ဆိုရှယ်မီဒီယာ ပလက်ဖောင်းများပေါ်တွင် တစစမြင်တွေ့လာရသည်။ အခြားတဖက်တွင်လည်း အချို့သော နာမည်ကြီး နိုင်ငံရေးသမားများ၏ ပြည်သူလူထုအား တော်လှန်ရေးနှင့်ပတ်သက်သည့် "မတိကျသော မျှော်လင့်ချက် - False Hope" များ ပေးနေခြင်း စသည့် လုပ်ရပ်များသည် မှန်ကန်သောလုပ်ရပ် တခုမဟုတ်သည့်အကြောင်းကိုလည်း အင်တာဗျူးဖြေဆိုသူများမှ ထောက်ပြကြသည်။

*"နောက်တချက်က လူထုကို သတင်းအချက်အလက်အမှား 'false hope' တွေပေးတာပေါ့နော်။ အခုဆိုလည်း နောက်နှစ်ဆိုငါတို့တော်လှန်ရေးပြီးဆုံးရမယ်၊ အောင်ရမယ်ဆိုပြီးတော့။ တကယ့် မြေပြင်မှာ ပြည်သူလူထုက အဲ့လိုခံစားမနေရဘူးလေ"* ဟု အထက်ဖော်ပြပါကိစ္စနှင့် စပ်လျဥ်း၍ အင်တာဗျူးတွင် ဝင်ရောက်ဆွေးနွေးသူတဦးက ထောက်ပြပြောဆိုခဲ့သည်။[၃၈]

[၃၈] J-Paing, the founder of MPA from Yangon, in the discussion with researcher

နိုင်ငံအစိုးရတရပ်သည် ပြည်သူလူထု၏ သဘောဆန္ဒအားကောင်းစွာ သဘောပေါက်နားလည်နိုင်ရန် ပြည်သူလူထုနှင့် အနီးဆုံးတွင်ရှိနေရန်လိုအပ်သည်မှာ ငြင်းဆန်၍မရသော အမှန်တရားတခုဖြစ်ပေသည်။ ထိုမှသာလျှင် ပြည်သူများ၏ အသံများကို ကြားသိနိုင်ပြီး တော်လှန်ရေး အစိုးရတရပ်အနေဖြင့် တာဝန်နှင့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရာတွင် ပို၍ ထိရောက်မှု ရှိနိုင်မည်ဖြစ်သည်။ ဖက်ဒရယ်ဒီမိုကရေစီလူ့အဖွဲ့အစည်းတခု တည်ဆောက်ရန် ကြိုးပမ်းနေသည့် အမျိုးသားညီညွတ်ရေးအစိုးအနေဖြင့် မဟာမိတ်အဖွဲ့အစည်းများနှင့် လက်တွဲ ချိတ်ဆက်ဆောင်ရွက်ခြင်းအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝကျင့်သုံးနိုင်သည့် အစီအမံများဖြင့် သော်လည်းကောင်း၊ ဥပဒေများ ပြဌာန်း၍သော်လည်းကောင်း၊ တခြားလိုအပ်မည့် နည်းလမ်း အမျိုးမျိုး အသုံးပြု၍ ဆောင်ရွက်ရန်လည်း လိုအပ်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ယခင်ကတည်းက ပြည်သူလူထုကြားသို့ ထဲထဲဝင်ဝင်လုပ်ကိုင်လျက်ရှိသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်ပြီး တဖက်တွင်လည်း နိုင်ငံတကာအဖွဲ့အစည်းများထံမှ အခွင့်အလမ်းနှင့် အကူအညီများကို ရနိုင်သလောက်ကြိုးစားရှာဖွေပေးစေလိုသည်ဟု ဒဂုံကျောင်းသားသမဂ္ဂအဖွဲ့ဝင် လူငယ်အမျိုးသမီးတဦးမှ အင်တာဗျူးတွင် ပြောဆိုခဲ့သည်။[၃၉]

*"နံပါတ်တစ်အနေနဲ့ အရေးကြီးဆုံးအချက်က လူထုရဲ့အသံကို ပိုကြားဖို့ဆိုရင် ကျွန်တော်တို့ရဲ့ အသံကို နည်းနည်း တိုးပေးမှရမယ်။"*[၄၀]

လူထုမှရွေးချယ်ထားသော အစိုးရသည် လူထုနှင့် အလှမ်းဝေးလာသည်ဟု ခံစားလာရသည့်အချိန်အခါတွင် မြန်မာပြည်သူများသည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ လုပ်ဆောင်ချက်များအပေါ် အားရမှုမရှိတော့ဘဲ မြေပြင်တွင် ပြည်သူများအတွက် အထောက်အကူပြုမည့် (သို့မဟုတ်) အပြုသဘောဆောင်မည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖော်ဆောင်နိုင်စေရန် ပြည်တွင်း မိတ်ဖက်အဖွဲ့အစည်းများအား အဓိကထား ချိတ်ဆက်လုပ်ဆောင်ရန် တိုက်တွန်းမှုများစွာရှိလာသည်။ သို့သော် ပြည်တွင်းရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ရာတွင်

[၃၉] Yu Wai, A Female student leader form Dagon University Student Union from Yangon, in the discussion with researcher

[၄၀] Harry Aung, A male journalist form Yangon, in discussion with researcher

စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်ကြောင်းကိုလည်း ကချင်ပြည်နယ်မှ CDM ကျောင်းသူတဦးမှ အင်တာဗျူးတွင် ယခုလိုဖြေဆိုထားပါသည်။[၄၁]

ဤသုတေသီနစာတမ်း၏ လေ့လာတွေ့ရှိချက်များထဲမှ စိတ်ဝင်စားစရာတချက်သည် ပြည်သူမှရွေးချယ်ထားသည့် အစိုးရတရပ်ဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ယင်းအစိုးရလက်အောက်ခံဌာနများ၌ပင် လွတ်လပ်စွာထုတ်ဖော်ပြောခွင့်ပျောက်ဆုံးနေပြီး ဝေဖန်ထောက်ပြခြင်းများအား ကြိုဆိုခြင်းမပြုဘဲ တန်ပြန်တုံ့ပြန်မှုများပြုလုပ်လေ့ရှိသည်ကို တွေ့ရှိရသည်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတခု တည်ဆောက်ရန် ကြိုးပမ်းနေသည့် အစိုးရပင်လျှင် အခြေခံအုပ်မြစ်တခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား အပြည့်အဝ ကျင့်သုံးခွင့်မပြုဘဲ ကန့်သတ်မှုများထားရှိနေခြင်းမှာ ပြည်သူများအတွက်မေးခွန်းထုတ်စရာတခု ဖြစ်လာခဲ့သည်။

> *"ဒီမိုကရေစီအတွက် သွားနေပြီးတော့ FOE (လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်) မပါဘူးဆိုရင် ဒါဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိတဲ့၊ ချို့ယွင်းနေတဲ့ ဒီမိုကရေစီလို့ပဲ ပြောချင်ပါတယ်။"*
>
> - AJMM အဖွဲ့မှ အမျိုးသားတဦး
>
> *"တော်လှန်ရေးသမားအချင်းချင်းဆိုရင်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်က အရေးကြီးတဲ့အတွက် အချင်းချင်းကြား၊ အဖွဲ့အစည်းကြား အမြင်တွေဖလှယ်တဲ့အခါ သွေးကွဲတာမျိုးထက် တယောက်ရဲ့အမြင်ကိုတယောက် လေးစားလိုက်နာဖို့လိုတယ်။ နေရာတိုင်းမှာ လွတ်လပ်ခွင့်တွေရှိရမယ်။"*
>
> - အင်တာဗျူးတွင် ပါဝင်ဖြေဆိုသည့် အမျိုးသမီးတဦး

[၄၁] Ring, a female CDM student from Kachin, in the discussion with researcher

*"လူထုက institution တွေ အဖွဲ့အစည်းတွေဆီရောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာထက် ဒီအဖွဲ့အစည်းတွေ institution တွေက လူထုရဲ့အသံကိုရအောင် ဘယ်လိုယူရမလဲဆိုတာကို ပြောင်းစဉ်းစားသင့်ပြီလို့ထင်ပါတယ်။"*

- မွန်ရည် (ဉာဏ်လင်းသစ်သုတေသနအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ)

အသံ - လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့